မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ ဝက်သက်ရောဂါ အစုလိုက်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ သုံးနှစ်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင် ကလေးငယ်ခြောက်သန်းကို လုံခြုံစိတ်ချ အန္တရာယ်ကင်းစွာ ထိုးနှံပေးနိုင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

မြန်မာ့အလင်း — တက္ကသိုလ်မြတ်သူ၏ ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကို ဒုက္ခပေးလိုသည့် အမေရိကန်၏အားထုတ်မှု ရေစုန်မျောသွားပြီ ဆောင်းပါး (စာ– ၈ နှင့် ၉) တွင် ဖတ်ရှုနိုင်ပါသည်။

❒ ဗီတိုအာဏာပိုင်ရှင် ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာသုံးကာ ပူးပေါင်းကန့်ကွက် (ပယ်ချ) ကြရာ **Double Veto Vote** ခေါ် ဗီတိုအာဏာနှစ်ထပ်ကွမ်းဖြင့် ထူးထူးကဲကဲ ပယ်ချလိုက်ခြင်းဖြစ်၏။

❒ ယင်းသို့ ပယ်ချခံလိုက်ရသဖြင့် အမေရိကန်၊ ဗြိတိန်နှင့်အပေါင်းပါများ၊ ပြည်ပြေးပုဆိန်ရိုးများနှင့် အမျိုးသားသစ္စာဖောက်များက ဆွေ့ဆွေ့ခုန်ကာ မကျေမနပ်ဖြစ်နေကြသော်လည်း ကမ္ဘာက အမေရိကန်၏ကုလသမဂ္ဂအပေါ် စံနှစ်မျိုးကျင့်သုံးကာ လိုရာဆွဲအသုံးချနေသော လုပ်ရပ် အရေးနိမ့်သွားခြင်းကို ကြိုဆိုကြ၊ ဤအောင်ပွဲသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုသော ကမ္ဘာ့ပြည်သူများနှင့် နိုင်ငံတကာ၏ အောင်ပွဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသား ပြည်သူ ၅၅သန်းကျော်တို့၏ အောင်ပွဲဖြစ်၏။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

15-1 (01) 1 3/24/1905, 10:45 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

အမေရိကန်၏ မမှန်ကန်သည့် တစ်ဖက်သတ်လုပ်ရပ်အပေါ် အမှန်တရားမြတ်နိုးသည့် ပြည်သူများ အောင်ပွဲခံ

၂၀၀၆ခုနှစ် စက်တင်ဘာလ ၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်၌ ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုပြီး တစ်ဖက်သတ် ဖိအားပေး စည်းရုံးလုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံ၏အခြေအနေကို Situation in Myanmar ခေါင်းစဉ်ဖြင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ ဆွေးနွေးရန် ထည့်သွင်းဆုံးဖြတ်ခဲ့သည်။

ယင်းကဲ့သို့ အမေရိကန်၏ အကြောင်းပြစွပ်စွဲချက်သည် မှန်ကန်၍ တရားမျှတသော လုပ်ဆောင်ချက်မဟုတ်ကြောင်း နိုင်ငံတော်နှင့်ပြည်သူတို့က သဘောထားကြေညာချက်များ ထုတ်ပြန်၍ ကန့်ကွက်ခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံအကြောင်း သေချာစွာနားလည်သိရှိသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဘက်မလိုက် အဖွဲ့ဝင်နိုင်ငံများကလည်း အမေရိကန်၏တင်ပြချက်ကို ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

ထို့ပြင် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီသံအမတ်ကြီးက မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီ၌ အရေးယူဆောင်ရွက်ပေးရန် အဆိုပြုချက် မူကြမ်းတစ်ရပ် ဆက်လက်တင်သွင်းခဲ့ပြန်သည်။

ထိုအဆိုပြုချက်မူကြမ်းနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီ၌ မဲခွဲမဆုံးဖြတ်မီ ဇန်နဝါရီလ ၁၂ရက်နေ့က တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က မြန်မာနိုင်ငံအရေးကိစ္စသည် ပြည်တွင်းရေး ကိစ္စသာဖြစ်၍ ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာ မရောက်ကြောင်း၊ လုံခြုံရေးကောင်စီကို အတိုင်းအတာထက်ကျော်လွန်၍ အသုံးချရန် ကြိုးပမ်းအားထုတ်မှုအတွက် ၎င်းတို့အနေဖြင့် မထောက်ခံကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ကိုးမဲ၊ ကြားနေမဲ သုံးမဲနှင့် တရုတ်၊ ရုရှားနှင့် တောင်အာဖရိကတို့က ကန့်ကွက်မဲ ပေးခဲ့ကြသည်။ ထိုသို့ကန့်ကွက်ခြင်းတွင် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ပယ်ချလိုက်ကြခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်အပေါ် အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့် မြန်မာပြည်သူများက အောင်ပွဲခံလိုက်ခြင်းပင်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေး ကျန်းမာရေး အဓိကကျ သူနာပြုသားဖွားပညာရပ် ဖွံ့ဖြိုးတိုးတက်ရန် သုတေသနပြုဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ သူနာပြုအသင်း (၅၁)ကြိမ်မြောက် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သူနာပြု သားဖွားပညာရပ် ဆိုင်ရာအစဉ်ဖွံ့ဖြိုးတိုးတက်ရန် သုတေသနပြုဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် သူနာပြုသားဖွားကောင်စီ ဥပဒေနှင့်အညီ စည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သူနာပြုသားဖွားများအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဂဃနဏသိရှိ နားလည်ထားကြရန် လိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးရုံလုပ်ငန်းတစ်မျိုးတည်းသာ မဟုတ်ဘဲ ကျန်းမာသောပတ်ဝန်းကျင်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ ပြည်သူများလူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကျန်းမာရေးသည် အဓိက အခြေခံကျပြီး ကျန်းမာမှုပညာတတ်များဖြစ်အောင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်၊ ဆင်းရဲမှုလျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုကဏ္ဍတွင် ကလေးငယ်များအာဟာရဖွံ့ဖြိုးရေးနှင့် ကိုယ်ဝန်ဆောင် မိခင်နှင့်ကလေးသေနှုန်း ကျဆင်းရေးအတွက် အဓိက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ HIV၊ တီဘီ၊ ငှက်ဖျား ရောဂါများကာကွယ်နှိမ်နင်းရေးအတွက်ကျန်းမာရေး ပညာပေးလုပ်ငန်းကို အသင်းဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသင်းသားအချင်းချင်း ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြပြီး မိမိတို့၏လုပ်ငန်းဖြင့် ကုသိုလ်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ သူနာပြုအသင်း(၅၁)ကြိမ်မြောက် ညီလာခံကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅–၁–၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ကိုယ့်စိတ်ရှိတာသိတာပါ တရားတော် (အရှင်ဆေကိန္ဒ)
၈:၀၅	အမှောင်ထဲမှစွမ်းအားရှင်များ
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ပဋိသန္ဓေတားဆီးခြင်း၊ ကိုယ်ဝန်ရှိခြင်းနှင့် ပျက်ခြင်း၊ အက်တိုးပစ်ကိုယ်ဝန်ဆိုင်ရာ ပြဿနာများ)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	သျှားညို၏စိတ်ကူးအနုပညာ (Project Pre-Show)
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	အကွက်ဆန်းထွင်တဲ့ ရက်ကန်းစင်
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	Celebrity Profile (ဒေါက်တာဇော်သန်း၊ တက္ကသိုလ်လဲ့လဲ့)
၁၀:၅၅	ပန်းချီထဲမှအလှတစ်ပါး ကျောက်စီပန်းချီကား
၁၁:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၄၀	ရွှေလောင်းတံတား
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀	အောင်မြင်ကျော်ကြားမြန်မာ့ ရုပ်ရှင်ဒါရိုက်တာများ [ဒါရိုက်တာမောင်မောင်ဦး (စန္ဒီးပိုက်)နှင့်တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်) (ဆွေးနွေးခန်း)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အလုံ အထက(၆) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ကျောင်းစတင်ဖွင့်လှစ်သည့် နှစ်(၄၀)ပြည့်အခမ်းအနားတွင် ၁၉၆၆–၁၉၉၆နှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)နံနက်၉နာရီခွဲတွင် ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမများ အားလုံး ကန်တော့ခံကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

ဦးစံမြနှင့် သားငယ် စိုင်းခမ်းလှတို့အား ရည်စူး၍ အမှတ် ၁၃/ဘီ အနော်ရထာအိမ်ရာစခန်း ကမာရွတ်နေ ဒေါ်စောမြဖူးနှင့် သားသမီးတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်းတစ်နေ့စာအတွက်ငွေကျပ်နှစ်သိန်းတစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၅–၁–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင် ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်”** (အပိုင်း–၁၃)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစုစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း–၁၃)

● *ကျော့ဖုံးမှ*

မော်စကိုနှင့် ပေကျင်းတို့သည် ထိုကဲ့သို့ နှစ်နိုင်ငံပူးတွဲလျက် လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ခြင်းမှာ ၁၉၇၂ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ထိုအရင်က ၎င်းနှစ်နိုင်ငံသည် အရှေ့အလယ်ပိုင်း အပစ်အခတ်ရပ်စဲရေးအတွက် ယင်းကဲ့သို့ ဗီတိုအာဏာသုံးစွဲ၍ ပယ်ချခဲ့ကြောင်း ပီတီအိုင်က ဆက်လက်ဖော်ပြသည်။

ခြိမ်းခြောက်မှုမရှိ

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမရှိကြောင်း တရုတ်နိုင်ငံက ဇန်နဝါရီ ၁၃ရက်တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံ အခြေအနေမှာ ဒေသတွင်းနှင့် နိုင်ငံတကာ၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်သည့် အခြေအနေမရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရှုကျန်ချောင်က ပြောကြားလိုက်သည်။

ဆန့်ကျင်ကန့်ကွက်

တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြဿနာများ အရေးယူ ဖိအားပေးရန် ရည်ရွယ်သည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မူကြမ်းကို ဆန့်ကျင်ကန့်ကွက်ခဲ့ပြီးနောက် အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတွင် တရုတ်၊ ရုရှားနှင့် တောင်အာဖရိကနိုင်ငံတို့က အဆိုပါ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့ကြသည်။ **ပီတီအိုင်၊ ဆင်ဟွာ**

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ကြို့ပင်ကောက်မြို့နယ် အသင်း၏ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ၁၄ရက် နံနက် ၉နာရီက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံဘုရား တောင်ဘက်မုခ်)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ္မာရုံတွင် ကျင်းပရာ အသင်းဂုဏ်ထူးဆောင် နာယကများ၊ နာယကများ၊ အလုပ်အမှုဆောင်များ၊ ကြို့ပင်ကောက်မြို့နယ်အကျိုးဆောင်များ၊ အသင်းသူအသင်းသားများ၊ အသက် ၈၀နှင့်အထက် အဘိုး အဘွားများ၊ အခြေခံပညာအထက်တန်းစာမေးပွဲ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

ယင်းနှစ်ပတ်လည် အစည်းအဝေးတွင် အသင်း အလုပ်အမှုဆောင်အသစ်များ အတည်ပြုခြင်း၊ အသက် ၈၀နှင့်အထက် အဘိုး အဘွား ၃၆ဦး တို့အား ဝတ္ထုပစ္စည်းများဖြင့် ပူဇော် ကန်တော့ခြင်း**(အပေါ်ပုံ)**၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ စေတနာရှင် အလှူရှင်များသို့ ဂုဏ်ထူးဆောင်ကတ်ပြား ချီးမြှင့်ခြင်းနှင့် ကံစမ်းမဲဖောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

* *ကျော့ဖုံးမှ*

စာပေဆုရသူများအတွက် ကြိုဆိုပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေး အစီအစဉ်များ ပါရှိသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း-(၀၆၇)၄၁၂၀၂၅၊ ၄၁၂၀၂၇၊ ၄၁၂၃၇၆ နှင့် ဖုန်း-(၀၁)၂၄၀၀၄၈ တို့သို့ ဆက်သွယ် သတင်းပို့ကြရန် ဖြစ်ကြောင်း သိရသည်။

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများသည် ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)သို့ ဆက်သွယ် သတင်းပို့ကြရန်နှိုးဆော်ထားကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလုံမြို့နယ် ငုဝါလမ်း အမှတ် ၂၂၁နေ မိခင်ကြီး ဒေါ်ငြိမ်းရင်အား ရည်စူး၍ ဦးသီးရွှေ-ဒေါ်ကြည်အေး၊ သမီး မနွယ်နီ၊ မရွှေဖြူ မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးဆောင် အတွင်းရေးမှူး ဒေါ်မြရှင်က လက်ခံယူစဉ်။ (က-ပ)

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အခွင့်အာဏာမရှိ

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်ရှိမှုကို ထိပါးရာရောက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်အား ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချ

❒ *ကျော့ဖုံးမှ*

တောင်အာဖရိကနိုင်ငံကလည်း ကန့်ကွက်မဲ ပေးခဲ့ကြောင်း၊ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲ ပေးခဲ့ကြသည်ဟု ကြားသိရကြောင်း။

လွဲမှားစွာအသုံးချ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအား ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ကမကထပြု ပူးတွဲတင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် ပါရှိသည့် အကြောင်းပြချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေမှန်များကို ထင်ဟပ်မှုမရှိဘဲ အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါကိုသုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် ပြုလုပ်အားထုတ်မှုမျှသာ ဖြစ်နေသဖြင့် ယခုကဲ့သို့ ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)အနေဖြင့်-

(က) ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို ယနေ့ထိတိုင် တရားသေဆုပ်ကိုင်ထားမှုနှင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင် ခေါင်းဆောင်အဖြစ် ပါဝင်ခွင့်ပေးပြီး တပ်မတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုနေမှု၊

(ခ) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြွေးကြော်ပြီး တပ်မတော်အစိုးရအား ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး ပြုလုပ်နေမှု၊

(ဂ) ပြည်ပနိုင်ငံများမှ မြန်မာ့အရေးတွင် ပြေလည်မှုမရနိုင်သည့် နည်းလမ်းများသုံး၍ ဝင်ရောက်စွက်ဖက်နေမှု၊

(ဃ) မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အရေးယူ ဆောင်ရွက်ပေးရန် တောင်းဆိုလုပ်ဆောင်နေမှု၊

(င) ပြည်သူလူထုတစ်ရပ်လုံးအား ဒုက္ခပင်လယ်ဝေစေမည့် လူထုအုံကြွမှု ပေါ်ပေါက်စေရန် တိုက်တွန်းလှုံ့ဆော်ဖန်တီးနေမှု၊

(စ) မြန်မာပြည်သူတို့၏ အကျိုးစီးပွားကိုသာ အများဆုံးထိခိုက်နစ်နာစေသည့် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်အရေးယူနေမှု၊

(ဆ) ကမ္ဘာပေါ်ရှိ နိုင်ငံအများစုက ဆန့်ကျင်ရှုတ်ချနေသော ပြည်သူတို့၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့် ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက်လုပ်ငန်းများကို ဒီမိုကရေစီရရှိရေး အမည်ခံ၍ လုပ်ဆောင်နေမှု

ဟူသည့် နည်းဗျူဟာ ရွေးချယ်ကျင့်သုံးမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ကြောင်း (၁၀-၈-၂၀၀၆)ရက်စွဲဖြင့် သဘောထားထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် နိုင်ငံတကာလုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်နေကြောင်း စွပ်စွဲ၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသည်ကို သက်သေထူလိုက်သည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း။

အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ တည်ဆဲတပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအား အစဉ်တစိုက် အားပေးထောက်ခံခဲ့ပြီး မြန်မာဒီမိုကရေစီရေးကို ထောက်ခံကြောင်းပြသခဲ့ကြကြောင်း၊ ယခုလုပ်ရပ်သည်လည်း တပ်မတော်အစိုးရ ဆန့်ကျင်ရေးအင်အားစုများကို သိက္ခာတင် အဖတ်ဆယ်ပေးသည့် မအောင်မြင်သည့် လုပ်ရပ်အမှားတစ်ခုဖြစ်ကြောင်း။

ဝင်ရောက်စွက်ဖက်ခွင့်မရှိ

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အခွင့်အာဏာမရှိသလို မည်သည့်အင်အားကြီးနိုင်ငံမဆို ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချ၍ ဝင်ရောက်စွက်ဖက်ခွင့် မရှိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်ရှိမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ အဆိုပါ မှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအားလည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ဘက်မှ ထောက်ခံရပ်တည်မှုမပြုဘဲ ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံအားလည်းကောင်း၊ ကြားနေခဲ့သည့် ကွန်ဂို၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း။

ပြင်းထန်စွာပြစ်တင်ရှုတ်ချ

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှလည်းကောင်း၊ အင်အားကြီး ပြည်ပနိုင်ငံကြီးများမှလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်တောင်းဆိုနေခဲ့ကြသည့် ပြည်တွင်း ပြည်ပရှိ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို မိမိတို့က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်ကြောင်း။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအခြေခံဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏ အကျိုးစီးပွားတို့ကို ရှေ့တန်းတင်ပြီး အလားတူ ဆောင်ရွက်အားထုတ်မှုများကို ထပ်မံမပြုလုပ်ကြရန် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ မိမိတို့အနေဖြင့် ပြင်းထန်စွာ သတိပေးလိုက်ကြောင်း ဖော်ပြပါရှိသည်။ ။ **(သတင်းစဉ်)**

အီရတ်သို့ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်မှု မှားယွင်းမှုတစ်ခုဖြစ် ဘုရှ်သည်အန္တရာယ်ကြီးမားသောလုပ်ရပ်ကို ကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း ကန်အထက်လွှတ်တော်အမတ်များ ပြင်းထန်စွာဝေဖန်ထိုးနှက်

ဝါရှင်တန် ဇန်နဝါရီ ၁၄

အမေရိကန်သမ္မတဘုရှ်၏ အီရတ်သို့ နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ စေလွှတ်ရေးအစီအစဉ်ကို ဒီမိုကရက်တစ်၊ ရီပတ်ဘလီကင်ပါတီ နှစ်ပါတီစလုံးမှ ထိပ်တန်းအမတ်များက ပြင်းထန်စွာ ဝေဖန်ထိုးနှက်ကြသည်။

ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျိုးဇက်ဘိဒင်က ထိုအစီအစဉ်မှာ ဝမ်းနည်းဖွယ် အမှားတစ်ခုဖြစ်ကြောင်း ဝေဖန်လိုက်ပြီး ရီပတ်ဘလီကင် အထက်လွှတ်တော် အမတ် ချပ်ဟေဂယ်က သမ္မတဘုရှ်သည် အန္တရာယ်ကြီးမားသည့် မမှားသင့်သော အမှားတစ်ခုကို ကျူးလွန်လိုက်ပြီဖြစ်ကြောင်း ဝေဖန်ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ သံမဏိထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထပ်မံစေလွှတ်

အီရတ်သို့ တပ်ဖွဲ့ဝင် ၂၀၀၀၀ ထပ်မံစေလွှတ်ရေးမှာ အီရတ်ပြဿနာကိုင်တွယ်ရေးဆိုင်ရာ သမ္မတဘုရှ်၏ မဟာဗျူဟာသစ်မှ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

ရှင်းလင်းပြ

ထိုအတောအတွင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ် အနေဖြင့် စစ်စစ်ပေါက်ပေါက်မေးမည့် ကွန်ဂရက်ကော်မတီရှေ့တွင် ထိုအစီအစဉ်ကို ကာကွယ်ရှင်းလင်းပြရဦးမည် ဖြစ်သည်။

ကြေညာ

ဇန်နဝါရီ၁၀ရက်က နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားရာတွင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေကို နောက်ထပ်၂၁၅၀၀တိုးမည် ဖြစ်ကြောင်း သမ္မတဘုရှ်က ကြေညာသည်။

ထိန်းချုပ်

ရီပတ်ဘလီကင်အမတ် သုံးလေးဦးကလည်း ယခုအခါတွင် အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်စလုံးကိုထိန်းချုပ်ထားသည်။ ဒီမိုကရက်အမတ်များနည်းတူ သမ္မတဘုရှ်၏ ထိုအစီအစဉ်ကို စိတ်ပျက်မိကြောင်း လူသိရှင်ကြား ပြောကြားလာကြသည်။

(အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးသည့်ဓာတ်ခွဲခန်း ဗီယက်နမ်နိုင်ငံ၌ဖွင့်

ဟနွိုင်း ဇန်နဝါရီ ၁၄

ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာနှစ်သန်း ရင်းနှီးမြှုပ်နှံလျက် အလွယ်တကူ ရွှေ့ပြောင်းနိုင်သော ကြက်ငှက်တုပ်ကွေးဓာတ်ခွဲ ခန်းကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း ဒေသထုတ်သတင်းစာ ပိုင်အိုနီးယားက ဇန်နဝါရီ ၁၀ရက်တွင် ဖော်ပြသည်။

စမ်းသပ်

အဆိုပါ ဇီဝလုံခြုံရေး ဓာတ်ခွဲခန်းသည် လူထုအကြား ကြီးမားသောကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလာချိန်တွင် လျင်မြန်စွာ ရွှေ့ပြောင်းလျက် ရောဂါရှိမရှိကို စမ်းသပ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားရောဂါ ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ငုယင်ထရန်ဟိန်း၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

စစ်ဆေး

ယင်းဓာတ်ခွဲခန်းသည် သံသယရှိသော ကြက်ငှက်တုပ်ကွေးဝေဒနာရှင်များအား တစ်ပတ်-နှစ်ပတ်အတွင်း ရောဂါဖြစ်မဖြစ်ကို စမ်းသပ်စစ်ဆေးပေးနိုင်မည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်ကောင်စစ်ဝန်ရုံးဝန်ထမ်းများအား အမေရိကန်တို့ဖမ်းဆီးမှု ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်ဖြစ် အခွင့်အာဏာကို ပြောင်ချိုးဖောက်ခြင်းဖြစ်ကြောင်း ရုရှားဝန်ကြီးပြောကြား

မော်စကို ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံရှိ အီရန်ကောင်စစ်ဝန်ရုံး ဝန်ထမ်းငါးဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခြင်းမှာ အီရတ်ရှိ နိုင်ငံစုံတပ်ဖွဲ့ဝင်များအား ပေးအပ်သည့်အခွင့်အာဏာကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက မော်စကို၌ ဇန်နဝါရီ၁၂ရက်က ပြောကြားသည်။

ဥပဒေနှင့်ဆန့်ကျင်သော လုပ်ရပ်များဆိုသည်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်ရှိ နိုင်ငံစုံတပ်ဖွဲ့ဝင်နိုင်ငံများအား ပေးအပ်ထားသည့်အခွင့်အာဏာကို ပြောင်ချိုးဖောက်ခြင်းဟု အဓိပ္ပာယ်ရကြောင်း ကာမီနင်က ပြောကြားသည်။

ဖမ်းဆီး

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံမြောက်ပိုင်း အာဘီးမြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကိုဝင်စီးပြီး ဝန်ထမ်းငါးဦးကို ဖမ်းဆီးသွားကြောင်း အီရန်နိုင်ငံ၏ အိုင်အာအင်န်အေ၏သတင်းဌာနက ဇန်နဝါရီ၁၁ ရက်က ကြေညာသည်။

ဤအခြေအနေသည် နိုင်ငံတကာ ဥပဒေကိုအခြေခံပြီး ချက်ချင်းဖြေရှင်းရန် လိုအပ်သည်ဟု မိမိတို့ယူဆကြောင်း ကာမီနင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးကိစ္စ ရုရှားနိုင်ငံ ဆန့်ကျင်ကြောင်း ပြောဆို

မော်စကို ဇန်နဝါရီ ၁၄

အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် ရုရှားက အမေရိကန်ကိုထောက်ခံသော်လည်း အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးကို ရုရှားက ဆန့်ကျင်ကြောင်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ဘောရစ်ဂရီဇာလော့ဗ်က ဇန်နဝါရီ ၁၂ရက်က ပြောကြားသည်။

အီရတ် အခြေအနေမှာ လွန်စွာ ခက်ခဲကြောင်း၊ တိုးတက်မှု မရှိကြောင်း၊ အီရတ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များ နောက်ထပ် ဖြန့်ကြက်မှုကို ရုရှားက ကြိုဆိုမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဆုံးဖြတ်ချက်

အီရတ်ပြည်သူများအား သူတို့နိုင်ငံကို သူတို့ လွတ်လွတ်လပ်လပ် တည်ဆောက်ခွင့်ပေးပြီး လုံခြုံရေးအာမခံနိုင်စေရန် ဆုံးဖြတ်ချက်များချရန် လိုအပ်ကြောင်း ဘောရစ်ဂရီဇာလော့ဗ်က ပြောကြားလိုက်သည်။

ပိုမိုဆိုးရွား

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံဖြန့်ကြက်မှုက အမှန်တကယ်အားဖြင့် မဟာဗျူဟာအမှားများဖြစ်ကြောင်း၊ ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ ပျောက်ဆုံးနေသည့် လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိ

မာကက်ဆာ ဇန်နဝါရီ ၁၄

လွန်ခဲ့သော ၁၀ရက်က ပျောက်ဆုံးသွားသော အင်ဒိုနီးရှားခရီးသည်တင်ဘိုးရင်းလေယာဉ်-၇၃၇၏ အစိတ်အပိုင်းကို အင်ဒိုနီးရှားအနောက်မြောက်ပိုင်း ပင်လယ်ကမ်းလွန်တွင် ရေလုပ်သား တံငါသည်တစ်ဦးက တွေ့ရှိခဲ့ကြောင်း ထိပ်တန်းလေယာဉ်ရှာဖွေရေး တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ၁၁ရက်၌ ပြောကြားသည်။

အဆိုပါလေယာဉ်ပေါ်တွင် ခရီး သည် ၁၀၂ဦး လိုက်ပါသွားခဲ့ရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်၏ အမြီးပိုင်းကို ဆူလာဝေစီ ကမ်းလွန် ၁၈၅မိုင်အကွာ မာကက်ဆာ ရေလက်ကြား၌ ဇန်နဝါရီ၁၀ရက်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံမှ ဥရောပနိုင်ငံများသို့ ရေနံတင်ပို့သည့် ပိုက်လိုင်းတစ်ခုကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှု အမေရိကန်ပြည်သူတို့ ဆန့်ကျင် ဆိုမာလီယာသို့ ကန်တို့ ကျူးကျော်မှု ကုလအတွင်းရေးမှူးချုပ် စိုးရိမ်ကြောင်းပြောကြား ပြည်ပ၌စွက်ဖက်မှုများ သမ္မတဘုရှ်အား ဖိလစ်ပိုင်ပြည်သူများ ချီတက်ဆန္ဒပြ

အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများအပေါ် ဝင်ရောက်စွက်ဖက်လျက်ရှိရာ ၎င်းနိုင်ငံအား ကမ္ဘာ့နိုင်ငံအချို့က ဆန့်ကျင်နေကြသော သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

အရှေ့အလယ်ပိုင်း၌ စွက်ဖက်မှု

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်သည် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဥရောပပါလီမန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ အရှေ့အလယ်ပိုင်းဒေသတွင် အနောက်နိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများနှင့် အီရတ်၊ လက်ဘနွန်၊ ပါလက်စတိုင်း ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့ပါဝင်စွက်ဖက်မှုကြောင့် တည်ငြိမ်မှု ယိုယွင်းပျက်ပြားခဲ့ရကြောင်း၊ အီရတ်၊ လက်ဘနွန်နှင့် ပါလက်စတိုင်းတို့၌ ဖြစ်ပွားနေသော ပြဿနာများက ဖော်ပြနေကြောင်း ဘာရှာအယ်လ်အာဆတ်က ဥရောပကိုယ်စားလှယ်အဖွဲ့အား ပြောကြားခဲ့သည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ ထပ်မံတိုးချဲ့စေလွှတ်မှု

အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး သဘောထားကို အမေရိကန်ပြည်သူ ၁၀ ဦးလျှင် ခြောက်ဦးက ဆန့်ကျင်ကန့်ကွက်နေကြောင်း ပြည်သူ့သဘောထားစစ်တမ်းက မကြာမီက ဖော်ပြထားသည်။

အဆိုပါ ပြည်သူ့ဆန္ဒသဘောထားစစ်တမ်းကို ယူအက်စ်အေတူဒေးက ကွင်းဆင်း ကောက်ယူခဲ့ခြင်းဖြစ်သည်။

အမေရိကန် သမ္မတဘုရှ်သည် ဘဂ္ဂဒက်မြို့လမ်းများပေါ်တွင် လုံခြုံမှုပေးရန်ဆိုသော အကြောင်းပြချက်ဖြင့် အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ ထပ်မံစေလွှတ်ရန် ကြေညာထားသည်။ အီရတ်နိုင်ငံ၌ လောလောဆယ် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၂၀၀၀ ရောက်ရှိနေသည်။

အမေရိကန်ပြည်သူများအနေဖြင့် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်၍ တပ်ဖွဲ့ဝင်များစေလွှတ်ရေးကိစ္စကို ဆန့်ကျင်ကန့်ကွက်နေကြသည်။

အမေရိကန် ပြည်သူအများစုကို သဘောထား စစ်တမ်းကောက်ယူခဲ့ရာတွင် ၇၂ ရာခိုင်နှုန်းသော ပြည်သူများက အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှုကို ဆန့်ကျင်သည့် သဘောထားများပေးခဲ့ကြသည်ဟု ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်နှင့်အမေရိကန်

ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းရှင်းရေးဆောင်ရွက်ရာတွင် အမေရိကန်တို့အနေဖြင့် မိမိတို့၏ထင်မြင်ယူဆချက်များကို စွပ်စွဲမပြောသင့်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်များရရှိအောင် ဆောင်ရွက်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ရုပ်မြင်သံကြားတွေ့ဆုံခန်းတစ်ခု၌ ပြောကြားလိုက်သည်။

ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းရှင်းရေးအတွက် ခြောက်နိုင်ငံဆွေးနွေးပွဲများကို ကျင်းပခဲ့ရာတွင် အမေရိကန်တို့၏ အလျှော့မပေးသော ဆွေးနွေးမှုများနှင့် မြောက်ကိုရီးယားတို့ ရပ်တည်ချက်များကြောင့် ဆွေးနွေးပွဲပျက်ပြားခဲ့ရသည်။

အမေရိကန်တို့က မြောက်ကိုရီးယားတို့သည် ငွေကြေးခဝါချမှုများကို ပြုလုပ်သည်ဟုစွပ်စွဲခဲ့သဖြင့် နျူကလီးယားအစီအစဉ်နှင့် အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းမှုများ ရှေ့ဆက်မရဘဲ ပျက်ပြားခဲ့ရခြင်းဖြစ်သည်။

ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်သိမ်းရေး

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်သိမ်းပေးရန် ချီတက်ဆန္ဒပြမှုတစ်ရပ် ဇန်နဝါရီ ၁၁ ရက်က အမေရိကန် ဂွမ်တာနာမိုဘေး စစ်အခြေစိုက်စခန်းအပြင်ဘက်၌ ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကျူးဘားနိုင်ငံရှိ ဂွမ်တာနာမိုအကျဉ်းစခန်း ပိတ်သိမ်းပေးရန် ဆန္ဒပြတောင်းဆိုမှု တစ်ခုကို ဇန်နဝါရီ ၁၁ ရက်က ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ဆန့်ကျင်ရေးဆန္ဒပြသူများသည် ဂွမ်တာနာမိုမြို့မှ ငါးနှစ်တာအကျဉ်းစခန်းအဖြစ် အသုံးပြုခဲ့သော အဆိုပါ စစ်အခြေစိုက်စခန်းသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ယင်းအကျဉ်းစခန်းသည် အမေရိကန်အား အကြမ်းဖက်တိုက်ခိုက်မည့် သံသယရှိသူများကို ဖမ်းဆီးထောင်ချနေသည့် အကျဉ်းစခန်း ဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းမှ အဆိုပါ ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်သိမ်းပေးရန် တောင်းဆိုမှုနှင့် ရင်ဆိုင်နေရသည်။ ၎င်းအကျဉ်းစခန်း၌ လွန်ခဲ့သော ငါးနှစ်အတွင်း လူပေါင်း ၇၇၀ ကျော် ဖမ်းဆီးထောင်ချခဲ့သည်။ ယင်းအကျဉ်းစခန်း၌ ယခုအခါ လူပေါင်း ၃၉၅ ဦးအား သံသယရှိသည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးထောင်ချထားကြောင်း သိရသည်။

ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်သိမ်းပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း ပြောဆိုထားသည်။

ဆိုမာလီယာသို့ ကန်တို့ ကျူးကျော်တိုက်ခိုက်ဗုံးကြဲမှု

အမေရိကန်တို့သည် ဆိုမာလီယာ၌ အယ်ကေဒါများရှိသည်ဟု ယူဆရသော နေရာများတွင်လည်း မကြာမီကဝင်ရောက်ကာ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် လူအများအပြားသေကျေခဲ့ရကြောင်း ဆိုမာလီယာ သတင်းရပ်ကွက်များက ပြောကြားသည်။ အမေရိကန်တို့၏ ယင်းကဲ့သို့ ကျူးကျော်တိုက်ခိုက်မှုအတွက် စိုးရိမ်ပူပန်မိကြောင်းဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

အီရန်သမ္မတက ဝါရှင်တန်အား သတိပေးတပ်လှန့်

အီရန်သမ္မတ မာမွတ်အမာဒင်နီဂျက်သည် ဝါရှင်တန်အား သတိပေးတပ်လှန့်သည့်အနေဖြင့် လက်တင်အမေရိကနိုင်ငံများသို့ လေးရက်ကြာခရီးအဖြစ် သွားရောက်ခဲ့ကြောင်း ဇန်နဝါရီ ၁၃ ရက် အင်တာနက်တစ်ရပ်၌ သတင်းဖော်ပြသည်။

မစ္စတာ အမာဒင်နီဂျက်သည် အမေရိကန်အား ဆန့်ကျင်နေသည့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် အီကွေဒေါသမ္မတ ရာဖေးလ်ကော်ရီယာတို့အား တွေ့ဆုံခဲ့သည်။

အီရန်သမ္မတသည် ဘိုလီးဗီးယားနှင့် နီကာရာဂွာနိုင်ငံများသို့လည်း ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်တို့သည် အီရန်တို့၏ နျူကလီးယားအစီအစဉ်အပေါ် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲထားသည်။ အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်များ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် အသုံးပြုရန် ယူရေနီယံ သန့်စင်လုပ်ငန်းကို ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ဆိုသည်။

ဝါရှင်တန်အနေဖြင့် ရေနံချမ်းသာကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံနှင့် အီရန်နိုင်ငံတို့ ပိုမိုပူးပေါင်း မဟာမိတ်ပြုလာခြင်းကို စိုးရိမ်ပူပန်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ စီဘူး၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲကို ဇန်နဝါရီ ၁၃ ရက်က ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့စွက်ဖက်မှုရပ်တန့်ရန် ဖိလစ်ပိုင်၌ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ကျင်းပသော (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ ချီတက်ကာ ဖိလစ်ပိုင်ပြည်သူများက အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အား ဆန့်ကျင်လျက် အရှေ့တောင်အာရှတွင် အမေရိကန်တို့ စွက်ဖက်နေမှုများကို ရပ်တန့်ပေးရန် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။

(ကိုးကား-ဆင်ဟွာနှင့် အင်တာနက်သတင်းများ)

သတင်းမှတ်စု - ဘာသာပြန်တစ်ဦး

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ကံသစ်စံပြကျေးရွာ သာသနာလင်္ကာရ ကံသစ်အလယ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝုဓ(အစိုးရဓမ္မာစရိယ)ဦးစီးလျက် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ပေါင်းစု၍ ကျင်းပပြုလုပ်အပ်သော ရွှေဘုန်းပွင့် ဆုတောင်းပြည့် စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သတ္တမအကြိမ် နေ့ည အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအကြို ဓမ္မသဘင်၌ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝံသပါလလင်္ကာရ အရှင်သူမြတ်သည် ၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (ဇန်နဝါရီ ၂၇ ရက်) စနေနေ့ ည ၇ နာရီတွင် ရွှေဘုန်းပွင့်ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁-၂၀၀၇ ရက်

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာ့ပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ အရေးပြိုင်ပွဲ
၈:၂၅ ၈။ ကျောက်တစ်လုံး ရေကူ ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၅ ၆။ အကပဒေသာ
၁၇:၁၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၈။ **"အားနာလိုက်တာ"** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၀ ၁၁။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ (မကွေးတိုင်း)
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄၂)
၁၈:၅၀ ၁၅။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၇)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၁၅)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

15-1 (05) 1 3/24/1905, 10:46 PM

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်းချုပ်

စုစည်းတင်ပြသူ — မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ သတင်းအဖြစ်အပျက်ပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ ထိုသို့သော သတင်းဖြစ်ရပ်ပေါင်းများစွာအနက် ထူးခြားဖြစ်စဉ်သတင်းအချို့ကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဇန်နဝါရီ ၈ ရက်

- တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် စီးပွားရေးအကောင်းဆုံးနိုင်ငံဖြစ်လာပြီး ၂၀၀၆ ခုနှစ်၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။
- **အင်ဒိုနီးရှားနိုင်ငံ စူလာဝေစီပြည်နယ် ပီလန်ရေလက်ကြားတွင် ခရီးသည်တင်ရေယာဉ်** တစ်စီး ရာသီဥတုဆိုးရွားမှုကြောင့် နစ်မြုပ်ခဲ့ရာ လူဒါဇင်ပေါင်းများစွာ ပျောက်ဆုံးလျက်ရှိပြီး ကယ်ဆယ်နိုင်သူ အနည်းငယ်သာရှိကြောင်း အင်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၉ ရက်

- ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံကာကွယ်ရေး အတွက် တိုင်ဖွန်းအမည်ရှိ တိုက်လေယာဉ် ၇၂ စင်းကို ဂျာမနီနိုင်ငံမှ ဝယ်ယူမည်ဖြစ်ကြောင်း၊ ဝယ်ယူရာတွင် ငွေကြေးကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်း ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား ဆူလ်တန်ဘင် အဗ္ဗဒူလာအဇစ်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဂျာမနီနိုင်ငံမှ ဝယ်ယူမည့် တိုင်ဖွန်းတိုက်လေယာဉ်များကို တွေ့ရစဉ်။

- ဝါရှင်တန်မြို့နယ်ရှိ မြေအောက်ဘူတာရုံတစ်ခုတွင် မီးရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားပြီး ခရီးသည် ၁၆ ဦးကျော် ဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်ပွားသည့်ရထား၌ ခရီးသည် ၁၆၀ တင်ဆောင်မောင်းနှင်လာခြင်းဖြစ်ပြီး မတော်တဆဖြစ်ရပ်ကြောင့် လမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက်

- ဘရာဇီးနိုင်ငံတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ တစ်ရက်တည်း လူ ၅၀ သေဆုံးခဲ့ရသည်။ မြေပြိုမှုကြောင့် နေအိမ်များ ပျက်စီးခဲ့ရရာ လူ **၁၅၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မြေပြိုမှုဒဏ်ခံစားရသည့်အရပ်မှာ မီနက်စ်ဂီရေးစ်** ဒေသဖြစ်ကြောင်း သိရသည်။
- ကမ္ဘာပေါ်တွင် အတော်ဆုံးသိပ္ပံပညာရှင်တစ်ဦးဟု အသိအမှတ်ပြုခံထားရသူ စတီဖင်ဟော့ကင်းက သူ၏ အသက် ၆၅ နှစ်မြောက်မွေးနေ့တွင် ပြောကြားရာ၌ လာမည့် ၂၀၀၉ ခုနှစ် **တွင် ကမ္ဘာ့ဆွဲအား သုညရှိသောလေယာဉ်ဖြင့် အာကာသသို့ ခရီးနှင်ရန် စီစဉ်ထား**ကြောင်း ပြောကြားသည်။

ဇန်နဝါရီ ၁၁ ရက်

- အာရှအလယ်ပိုင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဖြစ်ထွန်းစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းတစ်ခုကို တရုတ်နိုင်ငံက စတင်ထူထောင်လိုက်သည်။ အာရှအလယ်ပိုင်း မိတ်ဖက် **နိုင်ငံများအဖွဲ့တွင် ဥဇဘက်ကစ္စတန်၊ ကာဇက်ကစ္စတန်၊ တာဂျီကစ္စတန်နှင့် တာ့စ်မင်နက်**စတန်တို့ပါဝင်ကြောင်း သိရသည်။ ၎င်းအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများအားလုံး လာမည့် ၁၅ နှစ်တာ ကာလအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည်။
- အီဂျစ်နိုင်ငံသို့ ၂၀၀၆ ခုနှစ်က ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု အရေအတွက်မှာ ၁၅ သန်းခန့်ရှိရာ ၂၀၀၇ ခုနှစ်၌လည်း ကမ္ဘာလှည့်ခရီးသည် ယခုထက် ပိုမိုရရှိမည်ဖြစ်ကြောင်း **အီဂျစ်မီဒီယာများက ဖော်ပြသည်။**

ဇန်နဝါရီ ၁၂ ရက်

- ဒိုဟာမှ ဒါအစ္စလမ်မြို့သို့ ပျံသန်းပြေးဆွဲမည့် ကာတာလေကြောင်းလိုင်းသစ်တစ်ခုကို စတင်ဖွင့်လှစ်လိုက်သည်။ အေ-၃၁၉ လေယာဉ်ဖြင့် သီတင်းတစ်ပတ်လျှင် လေးကြိမ်ပျံသန်းမည်ဖြစ်ပြီး ဒိုဟာမှ ဒါအစ္စလမ်ခရီးစဉ်အတွက် ပထမဆုံးပျံသန်းမှုဖြစ်သည်။ **ကာတာနိုင်ငံသည် အီသီယိုးပီးယား၊ ကင်ညာ၊ ဒတ်ချ်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အခြားကမ္ဘာ့နိုင်ငံအချို့နှင့် လေကြောင်းပျံသန်းမှုလည်း စတင်ပြုလုပ်သည်။**
- ဆွစ်ဇာလန်နှင့် ဂျာမနီနှစ်နိုင်ငံတို့သည် လေကြောင်းလုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သည်။
- **အီရတ်နိုင်ငံသို့ ခရီးသည် ၃၀ နှင့် ဝန်ထမ်းငါးဦးကို တင်ဆောင်ပျံသန်းလာသော ခရီးသည်**တင် လေယာဉ် အင်တိုနော့-၂၆ လေယာဉ်တစ်စင်းသည် တူရကီနိုင်ငံတောင်ပိုင်း၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသော လူအားလုံး သေဆုံးခဲ့သည်။ လေယာဉ်ပျက်ကျမှုမှာ အင်ဂျင်စက်ချို့ယွင်းမှုကြောင့်ဖြစ်ပြီး အမေရိကန်တစ်ဦးနှင့် တူရကီနိုင်ငံသား ၂၉ ဦးတို့ **ပါဝင်ကြောင်း တူရကီအစိုးရက သတင်းထုတ်ပြန်သည်။**

ဇန်နဝါရီ ၁၃ ရက်

- ဘရာဇီးနိုင်ငံ အစိုးရပိုင် ပက်ထရိုဘား ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၂၀၀၆ ခုနှစ်က ပြည်ပသို့တင်ပို့ရောင်းချခဲ့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၈၅ ဘီလီယံ **ရရှိခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံ၌ အမြင့်မားဆုံးစံချိန်ပင်ဖြစ်ကြောင်း ဘရာဇီးအစိုးရက** သတင်းထုတ်ပြန်သည်။
- ပင်လယ်ပြင်တွင် ခြောက်ရက်ကြာ မျောပါနေသော တရုတ် ငါးဖမ်းသမားတစ်ဦးကို တရုတ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်လိုက်သည်။ အဆိုပါ ငါးဖမ်းသမားသည် အခြားငါးဖမ်းသမားများနှင့်အတူ ပင်လယ်ပြင်တွင် ငါးဖမ်းထွက်ရာမှ မိုးကြိုးပစ်ခံရပြီး ပင်လယ်ပြင် မျောပါနေခဲ့ခြင်းဖြစ်သည်။
- အိန္ဒိယနိုင်ငံ၏ စရီ-၁ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို အာကာသသို့လွှတ်တင်လိုက်**သည်။ အဆိုပါ ဂြိုဟ်တုသည် အဆင့်မြင့်နည်းပညာများကို အသုံးပြုထားပြီး ရာသီဥတုနှင့်** အခြားဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက်

- ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တွင် မြေပြိုမှုကြောင့် မြေအောက် မီးရထားဘူတာရုံ **တစ်ရုံ ပြိုကျမှုဖြစ်ပွားသည်။** ထိုမြေအောက် ဘူတာရုံပေါ်ရှိ မော်တော်ကားလမ်း၌ ဘတ်စ်**ကားများ ဖြတ်သန်းမောင်းနှင်**နေစဉ် ပြိုကျခဲ့ခြင်းဖြစ်ရာ မီနီ**ဘတ်စ်ကားတစ်စီး ယခုအချိန်**အထိ ရှာဖွေမတွေ့ရှိသလို လူအများအပြားမှာလည်း မြေကြီးများဖြင့် ဖုံးလွှမ်းနေသဖြင့် ရှာဖွေလျက်ရှိသည်။ အခြားမော်တော်ယာဉ် ခြောက်စီး **ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သော်လည်း** ယာဉ်မောင်းများအား ရှာ**မတွေ့ရသေးကြောင်း၊** မြေပြိုကျမှုကြောင့် ပေ ၂၀၀ အကျယ်ရှိ တွင်းကြီးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

- ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းကမ်းခြေတစ်လျှောက် ဆူနာမီသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ ၎င်းဆူနာမီသတိပေးချက်မှာ ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်း၌ ဇန်နဝါရီ ၁၄ ရက်က အင်အားရစ်ချ်တာစကေး ၈ ဒသမ ၂ ရှိသော မြေငလျင်လှုပ်ခဲ့သဖြင့် ထုတ်ပြန်ထားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကင်ဆာရောဂါကုသနိုင်မည့်နည်းလမ်း သိပ္ပံပညာရှင်များ တွေ့ရှိ

အသားပိုကြီးထွားရန် တွန်းပို့သည့် မျိုးတူဗီဇဆဲလ်အမျှင်များသည် ကင်ဆာရောဂါကိုလည်း ကုသနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ယုံကြည်လျက်ရှိသည်။

ကြွက်များတွင် မျိုးကွဲဗီဇဆဲလ်မျှင်များကြောင့် ကင်ဆာရောဂါကိုဖြစ်ပေါ်ပြီး ကင်ဆာဆဲလ်များ ပွားများစေသည်ကိုလည်း တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။ ထို့အပြင် ကင်ဆာရောဂါ ကာကွယ်တားဆီးနိုင်သည်ကိုလည်း တွေ့ရှိရကြောင်း ကာလီဖိုးနီးယား တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ကြောင့် အနာဂတ်ကာလတွင် ကလာပ်စည်းအသစ်များသို့ မျိုးတူဗီဇဆဲလ်မျှင်များပို့မှုကို တားဆီးသည့်ဆေးဝါးများက ကင်ဆာရောဂါကို ဖျက်ဆီးပစ်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လူတို့၏ကိုယ်ခန္ဓာမှ ကလာပ်စည်းများတွင် ဗီဇဆဲလ်မျှင် နှစ်စုံရှိသည်။ တစ်စုံမှာ မိခင်ထံမှရရှိပြီး နောက်တစ်စုံမှာ ဖခင်ထံမှ အမွေရရှိခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ဆုချီးမြှင့်

ဇန်နဝါရီ ၆ ရက်က လှိုင်မြို့နယ် အလက(၈) ပညာရေးစုံညီပွဲတော် ဆုပေးပွဲတွင် အဋ္ဌမတန်း၌ ကျောင်းအဆင့် ဘက်စုံထူးချွန် ပထမဆုနှင့် မြို့နယ်အဆင့် သင်္ချာထူးချွန် ပထမဆုရရှိသော မောင်ကျော်နိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဇန်နဝါရီ ၁၄

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးကို ကျန်းမာရေးမူဝါဒတစ်ရပ်အနေဖြင့် အစွမ်းကုန်ကြိုးစား စောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားကျန်းမာရေး နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားရေးလှုပ်ရှားမှု

ကူးစက်ရောဂါနှင့် မကူးစက်သည့်ရောဂါများ တားဆီးတိုက်ဖျက်ရေးကို တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းဆောင်ရွက်လျက်ရှိရာ အနာကြီးရောဂါကင်းဝေးရေး၊ ပိုလီယို အကြောသေရောဂါနှင့် ကျောက်ကြီးရောဂါ စသည့်ရောဂါများ လုံးဝပပျောက်ရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍ အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းမှာရှိသည့် ငါးနှစ်အောက်ကလေး သေဆုံးနှုန်း၊ တစ်နှစ်အောက်ကလေး သေဆုံးနှုန်းတို့ကို လျော့နည်းကျဆင်းသွားအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ငါးနှစ်အောက်နှင့် တစ်နှစ်အောက် ကလေးများ သေဆုံးမှုကို ဖြစ်ပေါ်စေသည့် အချို့သော ရောဂါများသည် ကာကွယ်ဆေးဖြင့် ကာကွယ်ပေးနိုင်ကြောင်း။

ဝိုင်းဝန်းကူညီ

ထို့ကြောင့် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့် ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေး အတွက် နှစ်စဉ် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွယ်နေသော ဝန်ကြီးဌာနအသီးသီးနှင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှုများကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို တောင်ပေါ်၊ မြေပြန့်၊ နယ်စပ်ဒေသများပါမကျန် မြို့နယ်အားလုံးတွင် ဆောင်ရွက်ပေးနေကြောင်း။

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးသူ စုစုပေါင်း၏ ရာခိုင်နှုန်း၅၀မှ ရာခိုင်နှုန်း၆၀မှာ ဝက်သက်ရောဂါကြောင့် ဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တစ်ကမ္ဘာလုံး အနေဖြင့် ဝက်သက်ရောဂါသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုတွင် ထိပ်ဆုံးမှပြေးနေသော ရောဂါအဖြစ် တည်ရှိနေဆဲ ဖြစ်ကြောင်း။

ပိုမိုရရှိရေး

မြန်မာနိုင်ငံ၏ ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျော့ချနိုင်ရေးနှင့် မြန်မာ့ရင်သွေးငယ်များ ကာကွယ်ဆေးထိုး အခွင့်အလမ်း ပိုမိုရရှိစေရေး အတွက် **"ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်"**ကို ယခုနှစ်တွင် စတင် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း။

ထိုစုစည်းမဟာဗျူဟာများမှာ နှစ်စဉ်ကလေးအားလုံးကို အသက်ကိုးလအရွယ်တွင် ပထမအကြိမ်နှင့် အသက်တစ်နှစ်ခွဲမှ နှစ်နှစ်တွင် ဒုတိယအကြိမ် ဝက်သက်ကာကွယ်ဆေးကို ပုံမှန်နှစ်ကြိမ် ထိုးနှံပေးခြင်း၊ ဝက်သက်ကာကွယ်ဆေးကို ပုံမှန်ထိုးနှံပေးစဉ်က မထိုးလိုက်ရသည့် ကလေးများနှင့် ကာကွယ်ဆေး ထိုးနှံရသော်လည်း ရောဂါကာကွယ်နိုင်မှု ပြည့်ဝစွာ မရရှိခဲ့သော ကလေးများအတွက် ဒုတိယအကြိမ် အခွင့်အလမ်းပေးသည့်အနေဖြင့် ဝက်သက်ကာကွယ်ဆေး ထပ်မံထိုးနှံပေးခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှုကို အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဝက်သက်ရောဂါဖြစ်ပွားလာပါက ထိရောက်စွာ ကုသပေးခြင်းတို့ဖြစ်ကြောင်း။

လိုက်လျောညီထွေ

အဆိုပါ မဟာဗျူဟာလေးရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိဝက်သက်ရောဂါဖြစ်ပွားမှု အခြေအနေနှင့် လိုက်လျောညီထွေရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် **"တစ်ကမ္ဘာလုံး ဝက်သက်ရောဂါ ကင်းဝေးရေး"** မဟာဗျူဟာများနှင့်လည်း ကိုက်ညီနေကြောင်း။

၂၀၀၇ခုနှစ် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် **"ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းစီမံချက်"**ကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသက်ကိုးလမှ ငါးနှစ်အောက် ကလေးစုစုပေါင်း ခုနစ်သန်းကျော်ကို ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသွားမှာဖြစ်ကြောင်း၊ ယင်းသို့ ထိုးနှံပေးရာတွင် ပထမအသုတ် အဖြစ် ၂၀၀၇ခုနှစ် ဇန်နဝါရီ၁၄ရက်မှ ၂၇ရက်အထိ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် မတ်လတွင် ပြည်နယ်အားလုံး၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်လည်းကောင်း၊ တတိယအသုတ်အဖြစ် မေလတွင် ကျန်ရှိနေသော တိုင်းများဖြစ်သည့် မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုး အဖွဲ့ပေါင်းတစ်သောင်းနှစ်ထောင်နှင့် ကာကွယ်ဆေးထိုးအဖွဲ့ဝင်ပေါင်း ခြောက်သောင်းခန့် ရှိမည်ဖြစ်ကြောင်း။

အောင်မြင်စွာဆောင်ရွက်

ဝက်သက်ရောဂါ အစုလိုက်ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကို ၂၀၀၂ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ သုံးနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လွှမ်းခြုံမှုရစေရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အသက်ကိုးလမှ ငါးနှစ်အထိ ကလေးငယ်ခြောက်သန်းအား ဝက်သက်ကာကွယ်ဆေးများကို လုံခြုံစိတ်ချ အန္တရာယ်ကင်းစွာ ထိုးနှံပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ယင်းသို့ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် ပံ့ပိုးပေးခဲ့ကြသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၊ ကျန်းမာရေးကော်မတီအသီးသီး၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူးများအသင်းတို့၏ ကူညီပံ့ပိုးဆောင်ရွက်မှုသည်လည်း အလွန်အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

အထူးကျေးဇူးတင်

"ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက်" အတွက် လိုအပ်သည့် ဝက်သက်ကာကွယ်ဆေးနှင့် ဆေးထိုးကိရိယာပစ္စည်းများ ကူညီထောက်ပံ့ပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ UNITED NATIONS FOUNDATION၊ IFRC (International Federation of Red Cross and Red Crescent Societies)၊ CDC (Centers for Disease Control and Prevention) အဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း။

ရန်ကင်းမြို့နယ်၏ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးရေးအစီအစဉ်ကို ဇန်နဝါရီ ၁၄ရက်က ရန်ကင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

လှိုင်သာယာမြို့နယ် ကနောင်ခန်းမတွင် ဝက်သက်ရောဂါကာကွယ်ဆေး လာရောက်ထိုးနှံသည့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးစဉ်။ (သတင်းစဉ်)

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း အားဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် ကလေးပေါင်း ငါးသိန်းကျော် ဝက်သက်ရောဂါဖြစ်ပွားခြင်း၊ ကလေးပေါင်း နှစ်သောင်းခန့် နမိုးနီးယား(အဆုတ်ရောင်ရောဂါ) ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ပွားခြင်းနှင့် ဝက်သက်ရောဂါကြောင့် သေဆုံးခြင်း မဖြစ်အောင် ကာကွယ်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့မြေပြင်ပေါ်ကနေ ဝက်သက်ရောဂါကို ကင်းဝေးသွားစေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့မိသားစုတစ်ရပ်လုံး၏ ရည်မှန်းချက် လိုအင်ဆန္ဒကြီးကို တစ်လုံးတစ်ဝတည်း ပြီးပြည့်စုံသွားအောင် မြန်မာနိုင်ငံအနေနှင့် ကျရာအခန်းကဏ္ဍကနေ တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်၍ မြန်မာတစ်မျိုးသားလုံး အတွက် ဂုဏ်ယူဝင့်ကြွားဖွယ် စွမ်းဆောင်မှုလည်းဖြစ်ကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ် လှငွေးဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန ဧည့်ကြိုခန်းမဆောင်၌ ပြသထားသော ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြပြီး အသက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြကာ ကလေးငယ်များအား ကစားစရာအရုပ်များကို လက်ဆောင်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် လှိုင်သာယာမြို့နယ် ကနောင်ခန်းမရှိ ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံမှုကို သွားရောက်ကြည့်ရှု အားပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ကနောင်ခန်းမ၌ လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်တင်တင်စိန်က လှိုင်သာယာမြို့နယ်အတွင်း အသက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက အစုလိုက် ဝက်သက်ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ကလေးငယ်များအား ကစားစရာ အရုပ်လက်ဆောင်များကို အသီးသီးပေးကြသည်။ ကလေးငယ်များ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့်လုပ်ငန်းတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျန်းမာရေးဝန်ထမ်းများနှင့် အတူ ကူညီပံ့ပိုးဆောင်ရွက်နေမှုကို ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များက မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အလားတူ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇)အရ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်သည်။

မန္တလေးတိုင်း

အဆိုပါ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံရာသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်း၊ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးနှင့် အဖွဲ့ဝင်များသည် ကာကွယ်ဆေးထိုးနှံသည့် ကလေးငယ်များနှင့် မိခင်များအား ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များအားလုံးတွင် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်အရ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၂၃ရက်အထိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေး ၆၂၇၁၆၂ဦး၊ ဆေးထိုးအဖွဲ့ပေါင်း ၁၀၇၅ဖွဲ့၊ ကြီးကြပ်အဖွဲ့၂၉၆ဖွဲ့တို့ဖြင့် ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်သည်။

ထိုးနှံပြီး

မန္တလေးခရိုင်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အောက် ကလေး ၁၂၅၈၆၂ဦးကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ပြီး ယနေ့ ကာကွယ်ဆေးထိုးနှံပြီးသည့် ကလေးများမှာ နှစ်သောင်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းနှင့် ပရဟိတဒါန

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းဆရာတော် စီမံလျက်ရှိသော ကုသိုလ်ဖြစ်ဆေးခန်းနှင့် မျက်စိအထူးကုဒါန၊ စစ်ကိုင်း မင်းကွန်းလမ်းမြေဖို့ခြင်းလမ်းဒါနတို့အတွက် လှူဒါန်းကြရာ ဖျာပုံမြို့ ဘဝအလှဆင်အဖွဲ့က ငွေကျပ်သုံးသိန်း၊ ဖျာပုံမြို့ ကိုကျော်ထွန်း-မခင်ဝင်း၊ ဦးသောင်းလှ-ဒေါ်တင်ရွှေ၊ ကိုအေးထွန်း-မချောစု (ဒဂုံဆန်ရောင်းဝယ်ရေး)တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးတင်အေး-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်ကြည်-ဒေါ်ခင်ပြုံး၊ ဦးကျော်ခိုင်-ဒေါ်ဝင်းဝင်းမြတ်၊ ဦးစန်းရှူ-ဒေါ်တင်တင်နွဲ့၊ ဦးအောင်တိုး-ဒေါ်ကျင်ဝ့ါ၊ ဒေါ်ရှုဖွန်သား ကိုတင်ညိမ်း၊ ဦးစိုးကြီး-ဒေါ်ခင်ချို(ရွှေနန်းတော်)မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးဝင်းရွှေ-ဒေါ်အာရ၊ ဦးကောက်-ဒေါ်အေးကျင်၊ ကိုထွန်းထွန်းထွေး-မလှလှမွန်၊ ကိုသားကြီး(မိုးသီတာ)၊ ကိုငွေအောင်-မရီရီမွန်၊ ကိုပေါက်၊ ကိုစိုးပိုင်အောင်၊ ကိုဝီချိုင်း-မလွင်လွင်ဦးမိသားစုတို့က ငွေကျပ်နှစ်သောင်းစီ လှူဒါန်းကြသည်။ ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကိုဒုက္ခပေးလိုသည့် အမေရိကန်၏

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်သည် အင်အားသုံးပြီး နယ်ပယ်ချဲ့ထွင်ကာ ကိုလိုနီစားကျက် လုယက်ကြသော အနောက်(ဥရောပ)မှ အတ္တလွန်နိုင်ငံများဖန်တီးခဲ့သည့် ကျူးကျော်စစ်၊ နယ်ချဲ့စစ်ပွဲဖြစ်သည်။ ကမ္ဘာ့ပြည်သူများသည် ယင်းစစ်ပွဲကြောင့် ကုဋေနှင့်ချီပြီး သေခဲ့ကြရသည်။ ထို့ကြောင့် နောက်ထပ်ကမ္ဘာဖျက်စစ်ပွဲမျိုး မဖြစ်ပွားစေရန် နိုင်ငံပေါင်းချုပ်အသင်းကြီး(League of Nation)ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ဥရောပမှ စက်မှုအရင်းရှင်နိုင်ငံဒါဇင်ဝက်ခန့်က ကမ္ဘာမြေ၏ ၇၇ ရာခိုင်နှုန်းကို အင်အားသုံး ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ကျွန်ပြု သွေးစုပ်ခြယ်လှယ်ခဲ့ကြသည်။ ထိုစဉ်မှာပင် ဖက်ဆစ်ဝင်ရိုးတန်းသုံးနိုင်ငံ (ဂျာမနီ၊ အီတလီ၊ ဂျပန်)တို့သည် စက်မှုထွန်းကားလာပြီး ကိုလိုနီဝေစု မရလိုက်သဖြင့် နယ်ချဲ့လက်ဟောင်းတို့လက်မှ ကိုလိုနီနိုင်ငံများကို သူခိုးလက် သူဝှက်လုသကဲ့သို့ အကြမ်းဖက် စစ်ပြုတိုက်ခိုက်ကြသဖြင့် ဒုတိယကမ္ဘာစစ်ကြီး(၁၉၄၂-၁၉၄၅) ဖြစ်ပွားခဲ့သည်။

ပထမကမ္ဘာစစ်ပွဲအပြီး နောက်ထပ်စစ်ပွဲကြီးများမဖြစ်အောင် တားဆီးပေးရန်ဖွဲ့စည်းခဲ့ကြသည့် နိုင်ငံပေါင်းချုပ်အသင်းကြီးကို နောက်တိုးနယ်ချဲ့ သုံးနိုင်ငံက ဖျက်ဆီးပစ်၍ ပျက်သုဉ်းသွားခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်းသေဆုံးရသော ကမ္ဘာ့ပြည်သူဦးရေမှာ သန်းပေါင်း ၆၀ ပင်ရှိပြီး မြို့ရွာများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြန်သည်။

ဒုတိယကမ္ဘာစစ်ပွဲကိုဖန်တီးခဲ့သည့် ဖက်ဆစ်အုပ်စုအန္တရာယ်ကို မူလဥရောပနယ်ချဲ့နိုင်ငံများကပင် အကြောက်ကြီး ကြောက်ခဲ့ကြသည်။ နောက်ထပ်ဖက်ဆစ်ဝါဒ ခေါင်းထောင်မလာစေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပြီး ဟန့်တားရန် လှုံ့ဆော်ခဲ့ကြသည်။ စစ်ဒဏ်ကိုမရှုမလှ ခံခဲ့ရသော ကမ္ဘာ့ပြည်သူတို့ကလည်း နောင်စစ်ပွဲများ မဖြစ်ပွားစေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ကြိုဆိုခဲ့ကြသည်။ ဤသို့ဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအခါ အဖွဲ့ဝင်နိုင်ငံနှင့် လေ့လာသူ(နိုင်ငံ) စုစုပေါင်း ၁၉၃နိုင်ငံ ရှိသွားပြီဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ပြည်သူများ စစ်ပွဲကြီးများဘေးမှကင်းဝေးပြီး လုံခြုံငြိမ်းချမ်းစေရန်၊ ကမ္ဘာ့ပြည်သူများလွတ်လပ်စွာ မိမိတို့နိုင်ငံကောင်းကျိုး ဖန်တီးနိုင်ရန်၊ လူလူချင်းကျွန်ပြုသော၊ လူလူချင်း အသားအရောင်ခွဲခြား ဖိနှိပ်ဆက်ဆံသော စနစ်ဆိုးများကို ဖယ်ရှားဖျက်သိမ်းရန်ဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးကို အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမည်ဟု ပဋိညာဉ်ပြု လက်မှတ်ရေးထိုးထားကြသည်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း တန်းတူရည်တူရှိခွင့်၊ တစ်နိုင်ငံ၏အချုပ်အခြာအာဏာ(လွတ်လပ်ရေး)ကို အခြားနိုင်ငံများက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုမပြုရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အငြင်းပွားမှုများကို စစ်ရေးအရမဖြေရှင်းဘဲ နိုင်ငံရေးအရ ဈေးစပ်ဆွေးနွေးဖြေရှင်းရေး၊ နိုင်ငံများ၏အချုပ်အခြာအာဏာကို တိုက်ခိုက်ချိုးဖောက်ကျူးကျော်သိမ်းပိုက်သော ကိုလိုနီစနစ် လုံးဝဖျက်သိမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်သဟာယအဖြစ် ချစ်ကြည်စွာ ဆက်ဆံပြီး အကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးစသည့် အခြေခံမူများ ဖော်ပြပါရှိသည်။ ယင်းအခြေခံမူများ၊ ရည်ရွယ်ချက်များကို ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံအများ၏ စုပေါင်းအားဖြင့် အကောင်အထည်ဖော်ခဲ့သည်။

ဤသို့ဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာကအားထားရသည့် ကမ္ဘာ့မဏ္ဍိုင်အဖွဲ့ကြီးဖြစ်လာခဲ့သည်။ သို့သော် အင်အားကြီးနယ်ချဲ့နိုင်ငံများသည် ကုလသမဂ္ဂကို ၎င်းတို့အသုံးချ၍ရသမျှ ၎င်းတို့အကျိုးအတွက် အသုံးချခဲ့ကြသလို အခါများစွာ၌လည်း ကုလသမဂ္ဂကို ပမာမခန့် မထီမဲ့မြင်ပြုပြီး ၎င်းတို့ လုပ်လိုရာကိုလုပ်ကာ ကုလသမဂ္ဂပဋိညာဉ်ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြသည်။ ကမ္ဘာစစ်ပွဲကြီးအပြီး အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းတို့၌ ဖြစ်ပွားသော စစ်ပွဲများကို အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနိုင်ငံများက ကျူးကျော်ဖန်တီးခဲ့သည်။ ယင်းစစ်ပွဲများသည် ကိုလိုနီပုံစံသစ်စစ်ပွဲ၊ ဗိုလ်ကျစိုးမိုးရေးစစ်ပွဲ၊ စီးပွားရေးစားကျက်လုပွဲများသာ ဖြစ်သည်။

အမေရိကန် ကွန်ဂရက်စာကြည့်တိုက်မှ အထောက်အထားများကို ကိုးကားပြီး ကောင်တာပန့်ချ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင် ဇိုလ်တန် ဂရော့စ်မန်း(Zoltan Grossman)က ရာစုနှစ်တစ်ခုစာ ကာလအတွင်း အမေရိကန်အစိုးရ၏ ဝုန်းဒက်နီး(Wounded Knee)မှသည် အာဖဂန်နစ္စတန်ကျူးကျော်စစ်အထိ စစ်အင်အားသုံးကျူးကျော်သိမ်းပိုက်မှု၊ စွက်ဖက်အနိုင်ကျင့်မှုစသည့် ကျူးလွန်မှုများ (၁၈၉၀မှ ၂၀၀၁ခုနှစ်အထိ ၁၁၁နှစ်အတွင်း ၁၃၄ကြိမ်) ကျူးလွန်ခဲ့ပုံစာရင်းကိုပြုစုခဲ့ရာ ဇီယော်ဒင် ဆာဒါး (Ziauddin Sarder)နှင့်မာရီးလ်ဝင်းဒေဗိစ် (Merryl Wyn Davis)တို့ စုပေါင်းရေးသားသော "အမေရိကန်ကို လူတွေဘာကြောင့် မုန်း"(Why do people hate America ?) စာအုပ်၌ ဖော်ပြထားသည်။

ဇိုလ်တန်၏စာရင်းအရ အမေရိကန်သည် ၁၁၁နှစ်အတွင်း စစ်ရေးကျူးလွန်ထိပါးမှု ၁၃၄ကြိမ် ပြုလုပ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံကို နှစ်ကြိမ်၊ ယူဂိုဆလားဗီးယားပြည်ထောင်စုနှင့် ပြည်ထောင်စုဝင်နိုင်ငံများကို ခြောက်ကြိမ်၊ အီရတ်ကိုသုံးကြိမ်၊ လိုက်ဘေးရီးယားကိုသုံးကြိမ်၊ ဟေတီကို နှစ်ကြိမ်၊ ပနားမားကိုကိုးကြိမ်၊ လစ်ဗျားကို လေးကြိမ်၊ အီရန်ကို လေးကြိမ်၊ ဟွန်ဒူးရပ်စ်ကို ခြောက်ကြိမ်၊ လက်ဘနွန်ကို သုံးကြိမ်၊ နီကာရာဂွာကို ရှစ်ကြိမ်၊ အယ်လ်ဆာဗေးဒိုးကို နှစ်ကြိမ်၊ ချီလီကို နှစ်ကြိမ်၊ လာအိုကိုနှစ်ကြိမ်၊ ဂွာတီမာလာကို သုံးကြိမ်၊ ဒိုမီနီကန်ကို လေးကြိမ်၊ ဂျာမနီကို သုံးကြိမ်၊ ကျူးဘားကို ငါးကြိမ်၊ ဗီယက်နမ်ကိုနှစ်ကြိမ်၊ တရုတ်နိုင်ငံကို ခြောက်ကြိမ်၊ ကိုရီးယားကိုသုံးကြိမ်၊ ဖိလစ်ပိုင်ကို နှစ်ကြိမ်၊ ပွာတိုရီကိုကို နှစ်ကြိမ်ဖြစ်ပြီး အမေရိကန်၏ စစ်ရေးကျူးကျော်မှု တစ်ကြိမ်စီခံရသော နိုင်ငံများလည်း များစွာရှိခဲ့သည်။ အမေရိကန်ပြည်တွင်း၌လည်း လူမျိုး၊ အသားအရောင်၊ အဆင့်အတန်းခွဲခြားကာ စစ်အင်အားသုံး နှိပ်ကွပ်သော အကြိမ်များစွာ ပါဝင်သည်။ ဇိုလ်တန်၏ စာရင်းတွင် မပါသေးသော အီရတ်ကျူးကျော်မှုစစ်ပွဲ၊ လတ်တလော ဆိုမာလီယာနိုင်ငံကို ကျူးကျော်ဗုံးကြဲတိုက်ခိုက်မှုပါ ပေါင်းလျှင် ၁၃၆ ကြိမ်ရှိပြီဟု ဆိုရပေမည်။

ဒုတိယကမ္ဘာစစ်အပြီး ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို အမေရိကန်တို့ ပါဝင်လက်မှတ်ရေးထိုးပြီးမှ နောက်ပိုင်းတွင် အမေရိကန်ကျူးလွန်သော စစ်အင်အားသုံးကျူးကျော်စွက်ဖက်မှုပေါင်း အကြိမ်၇၀ကျော်ခဲ့ပြီဖြစ်သည်။

အမေရိကန် ရီပတ်ဘလီကင်ပါတီဝင် သမ္မတ ရော်နယ်ရီဂင် လက်ထက်တွင် စစ်ရေးအင်အားသုံးကျူးလွန်မှုပေါင်း ၁၆ ကြိမ်ရှိခဲ့သည်။ ထိုစဉ်က အမေရိကန်ဒုတိယသမ္မတ ဂျော့ဘုရ်ှ(စီနီယာဘုရ်ှ)မှာ ယခုလက်ရှိ ရီပတ်ဘလီကင်သမ္မတ ဂျော့ဒဗလျူဘုရ်ှ(ဂျူနီယာ)၏ ဖခင် ဖြစ်သည်။ ရီဂင်လက်ထက် စစ်ရေးကျူးလွန်မှုများတွင် စီနီယာဘုရ်ှ ပူးပေါင်းပါဝင်သကဲ့သို့ စီနီယာဘုရ်ှသမ္မတဖြစ်လာသော ၁၉၈၈ မှ ၁၉၉၂ခုနှစ်အထိ စစ်ရေးကျူးလွန်မှု ခြောက်ကြိမ်ပြုလုပ်ခဲ့သည်။ စီနီယာဘုရ်ှလက်ထက်တွင် ဂရင်နေဒါ၊ လိုက်ဘေးရီးယား၊ အီရတ်၊ ဆိုမာလီယာနှင့် ပနားမားနိုင်ငံတို့ကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။

ဒီမိုကရက်တစ်ပါတီဝင် သမ္မတကလင်တန် (၁၉၉၂ - ၂၀၀၀) လက်ထက်၌လည်း ဆိုမာလီယာ၊ ဘော့စနီးယား-ဟာဇီဂိုဗီးနား၊ ဟေတီ၊ ခရိုအေးရှား၊ ဇိုင်ယာ၊ လိုက်ဘေးရီးယား၊ အယ်လ်ဘေးနီးယား၊ ဆူဒန်၊ အာဖဂန်နစ္စတန်၊ အီရတ်၊ ယူဂိုဆလားဗီးယားနှင့် ယီမင်နိုင်ငံတို့ကို စစ်ရေးကျူးကျော်ခဲ့သည်။ယခုလက်ရှိ ရီပတ်ဘလီကင်ပါတီဝင် သမ္မတ ဂျော့ဒဗလျူဘုရ်ှ(ဂျူနီယာဘုရ်ှ)လက်ထက်တွင် မက်ဆီဒိုးနီးယား၊ အာဖဂန်နစ္စတန်၊ အီရတ်နှင့် ဆိုမာလီယာနိုင်ငံတို့ကို စစ်ရေးကျူးကျော် တိုက်ခိုက်သိမ်းပိုက်ခြင်း၊ စစ်အင်အားသုံး စွက်ဖက်ခြင်းများ ပြုလုပ်ခဲ့သည်။

အီရတ်က ကူဝိတ်ကို အီရတ်ပိုင် ပြည်နယ်ဟောင်းအဖြစ် ကြေညာကာ ၁၉၉၀ပြည့်နှစ်တွင် သိမ်းပိုက်ခဲ့သည်။ စီနီယာဘုရ်ှက ကူဝိတ် လွတ်မြောက်စေရန်အတွက်ဆိုကာ အီရတ်ကို ဝင်တိုက်ခဲ့သည်။ အနောက်အုပ်စုဝင်နိုင်ငံများကလည်း ပါဝင်ကူညီခဲ့ကြသည်။ ထိုစဉ်က ကုလသမဂ္ဂက အီရတ်ကို စစ်ရေးအရ အရေးယူရန်ဆုံးဖြတ်ပေးခဲ့သဖြင့် စီနီယာဘုရ်ှ၏ အီရတ်စစ်ပွဲသည် တရားဝင်လိုင်စင်ရ စစ်ပွဲဖြစ်ခဲ့သည်။

ဂျူနီယာဘုရ်ှလက်ထက်၌ အာဖဂန်နစ္စတန်ကို တိုက်ခိုက်ရာတွင် နေတိုးစစ်အုပ်စုနှင့် ပူးပေါင်းကာ ကုလသမဂ္ဂ သဘောတူညီချက်မပါဘဲ ကျူးကျော်တိုက်ခိုက်ခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်က အီရတ်ကိုကျူးကျော်ရာ၌မူ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့်အမေရိကန် ပြည်သူများက ကန့်ကွက်နေသည့်ကြားမှပင် ကုလသမဂ္ဂပဋိညာဉ် ချိုးဖောက်ပြီး ကျူးကျော်တိုက်ခိုက်ခြင်းဖြစ်သည်။ သမ္မတကလင်တန်လက်ထက် ယူဂိုဆလားဗီးယားကို ၁၉၉၉ခုနှစ် မတ်လက နေတိုးစစ်အုပ်စုနှင့် ပူးပေါင်း ကျူးကျော်တိုက်ခိုက်စဉ်ကလည်း ကုလသမဂ္ဂကိုဘေးချိတ်ပြီး ကျူးလွန်ခဲ့သည်။ ယူဂိုဆလပ်သည် ဥရောပ၏ နောက်ဆုံးကွန်မြူနစ်နိုင်ငံဖြစ်နေ၍ အမေရိကန်ကဖြိုဖျက်ရာ၌ ဦးစွာ ယူဂိုဆလပ်ပြည်ထောင်စုဝင် နိုင်ငံများ ခွဲထွက်ရေးအတွက် ဘေးတီးလှုံ့ဆော် အားပေးခဲ့သည်။ ဘော့စနီးယား-ဟာဇီဂိုဗီးနားတွင် အမေရိကန်နှင့် နေတိုးစစ်အုပ်စုက စစ်ရေးကျူးကျော်စွက်ဖက်ခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များအား ဘော့စနီးယားမှ ရုပ်သိမ်းစေပြီး နေတိုးတပ်များက ဝင်ရောက်အခြေချ စိုးမိုးခဲ့သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုရန်ပုံငွေသို့ အမေရိကန်ထည့်ဝင်ရမည့် ဒေါ်လာ ၃၇ သန်းကိုမူ မပေးသွင်းဘဲ ထားခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များ အရာမရောက်ဟုဆိုကာ ရုပ်သိမ်းအောင် အမေရိကန်သမ္မတကလင်တန်ကပြောဆိုကာ နေတိုးတပ်များဖြင့် အစားထိုးခဲ့သည်။ သမ္မတကလင်တန်နှင့် ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးဂျော့ရှူလ်က "ကုလသမဂ္ဂသည် နိုင်ငံတကာရေးရာများကို နိုင်နင်းအောင် မကိုင်တွယ်နိုင်။ ထို့ကြောင့် နိုင်ငံတကာရေးရာများကို အမေရိကန်က ကိုင်တွယ်မှ ဖြစ်တော့မည်"ဟု အကြိမ်ကြိမ်ပြောခဲ့သည်။

အမေရိကန်ကွန်ဂရက်လွှတ်တော်ကလည်း ကုလသမဂ္ဂသို့အမေရိကန် ထည့်ဝင်ရမည့် ဒေါ်လာ သန်းပေါင်း ၁၀၀၀ ကျော်ကိုမပေးဘဲ ကုလသမဂ္ဂ၏လုပ်ငန်းများ တုံ့ဆိုင်းအောင်လုပ်ခဲ့သည်။ ၂၀၀၃ခုနှစ်တွင် ကုလသမဂ္ဂက အမေရိကန်အား အီရတ်ကိုမတိုက်ရန် တားခဲ့သည်။ အမေရိကန်သမ္မတ ဂျူနီယာဘုရ်ှက လိုက်နာခြင်း မရှိခဲ့ချေ။ ၂၀၀၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် အီရတ်ကို စတင်ဗုံးကြဲကျူးကျော်ခဲ့သည်။ ယခုရက်ပိုင်းမှာပင် ဆိုမာလီယာနိုင်ငံကိုလည်း ဗုံးကြဲပြန်ပြီဖြစ်သည်။

နိုင်ငံတကာ ရာဇဝတ်ခုံရုံး ဖွဲ့စည်းရာတွင်လည်း သမ္မတဘုရ်ှ(ဂျူနီယာ)က နိုင်ငံတကာတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်သားများကို ထိုရာဇဝတ်ခုံရုံးက စစ်ဆေးခြင်းမပြုပါဟု ကတိပေးမှ ထိုရာဇဝတ်ခုံရုံးအဖွဲ့ဝင်အဖြစ် (လူရော ငွေကြေးပါ)ပါဝင်မည်ဟု ပြောခဲ့သည်။ ဤသည်မှာ ကမ္ဘာတစ်ခွင် ကျူးလွန်နေသည့် အမေရိကန်တို့၏ စစ်ရာဇဝတ်မှုများကို ကင်းလွတ်ခွင့်လိုင်စင် ရယူလိုခြင်းသာ ဖြစ်သည်။ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း အမေရိကန်များ၊ ၎င်းတို့၏ဩဇာခံများ၊ နိုင်ငံစုံမှ သူပုန်သူကန်များ၊ ပြည်ပြေးများကိုနေရာရအောင် အမေရိကန်အစိုးရက ထိုးသွင်းခဲ့သည်။ ယင်းပြည်ပြေးများနှင့်မိခင်နိုင်ငံကို သစ္စာဖောက်ဖျက်ပြီး ဥပဒေချိုးဖျက်သော ဝရမ်းပြေးများကို လူရာဝင်အောင် အမေရိကန်က ဗန်းတင်ပေးနေသည်။ ထိုအဖျက်အင်အားစုများအတွက် ငွေကြေးထောက်ပံ့၊ အသံလွှင့်ရုံများထောင်ပေးပြီး အမေရိကန်၏ ဩဇာမခံသည့်နိုင်ငံများကို အစီအစဉ်ရှိရှိ သပ်လျှိုထိုးနှက် ဖြိုခွင်းနေပေသည်။

ကုလသမဂ္ဂ၏ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ပဋိညာဉ်စာချုပ်ကြီးပါ မူများနှင့် အဖွဲ့ဝင်နိုင်ငံအများစု၏ ဆုံးဖြတ်ချက်များကို ပမာမခန့် ဆန့်ကျင်သွေဖည်ကာ ယင်းသို့ ထင်ရာစိုင်းလေ့ရှိသော အမေရိကန်သည် အခါများစွာ၌လည်း အလှည့်အပတ်၊ ပရိယာယ်ဝေဝုစ်၊ အကွေ့အကောက်များဖြင့် ၎င်းတို့အကျိုးစီးပွားအတွက် ကုလသမဂ္ဂကို အသုံးချနေသည်ကို ကမ္ဘာက စိတ်မချမ်းမြေ့စွာ မြင်တွေ့နေရပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ၊ ဘာသာရေးတရားအဆုံးအမ၊ ဘိုးဘွားစဉ်ဆက် သွန်သင်မှုဖြင့် ယဉ်ကျေးသိမ်မွေ့သော နိုင်ငံ၊ တိကျ၍တည့်မတ်သော ဘက်မလိုက်(လွတ်လပ်၍ တက်ကြွသော)နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက်ကျင့်သုံးကာ မိမိနိုင်ငံ ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြူစင်ရိုးသားစွာ ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ မြန်မာတို့လက်ခံကျင့်သုံးသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒဖြင့် နိုင်ငံတကာနှင့် ချစ်ကြည်စွာ ဆက်ဆံသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို တိကျစွာလိုက်နာသည်။ ကမ္ဘာ့ကောင်းကျိုးကို ကမ္ဘာ့မိသားစုဝင်တစ်နိုင်ငံအဖြစ် ပါဝင်ထမ်းဆောင်သည်။ သို့ပါလျက်

> **ကုလသမဂ္ဂ၏ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ပဋိညာဉ်စာချုပ်ကြီးပါ မူများနှင့် အဖွဲ့ဝင်နိုင်ငံအများစု၏ ဆုံးဖြတ်ချက်များကို ပမာမခန့် ဆန့်ကျင်သွေဖည်ကာ ယင်းသို့ ထင်ရာစိုင်းလေ့ရှိသော အမေရိကန်သည် အခါများစွာ၌လည်း အလှည့်အပတ်၊ ပရိယာယ်ဝေဝုစ်၊ အကွေ့အကောက်များဖြင့် ၎င်းတို့အကျိုးစီးပွားအတွက် ကုလသမဂ္ဂကို အသုံးချနေသည်ကို ကမ္ဘာက စိတ်မချမ်းမြေ့စွာ မြင်တွေ့နေရပေသည်။**

အမေရိကန်သည် မြန်မာနိုင်ငံ၏ပြ
မှုမှသည် လက်နက်ကိုင်သောင်းကျ
ဆူပူမှုများဖြစ်ပွားအောင် လုပ်ဆေ
လျက်ရှိသည်။ နယ်စပ်ဒေသမှ ေ
အမေရိကန်က ငွေကြေး၊ လက်နက
ရေး၊ ဝါဒဖြန့်ချိရေး အထောက်အပံ့
တစ်ဝက်မက ရှိနေပေပြီ။

အဘယ့်ကြောင့် အမေရိကန်
ဝင်ရောက်စွက်ဖက်နေပါသနည်း။

မြန်မာတို့၏ နယ်ချဲ့ဆန့်ကျ
အမျိုးသားယဉ်ကျေးမှု၊ ဝံသာနုရက္ခိ
လွတ်လပ်ရေးကို မြတ်နိုးစောင့်ရှောက်
ရေးမူဝါဒချမှတ်ကျင့်သုံးပြီး မည်သည့်
မခံမှု၊ အမျိုးသားရေးရပ်တည်မှု၊ စ
နယ်ချဲ့(ကိုလိုနီ) ပုံစံသစ်အရ အ
လက်ဟောင်း၊ လက်သစ်)များက

အမေရိကန်သည် တစ်သန်း
ထက်ဝက်ကျော်ကို နိုင်ငံတကာမြေပြ
တပ် စစ်စခန်းပေါင်း ၇၂၀ ကျော်ဖြ
ထားသည်။ သမုဒ္ဒရာ၊ ပင်လယ်မှန်
များရှိနေသည်။ တောင်/မြောက်အ
အာဖရိက၊ဩစတြေးလျ၊အာရှအရှေ့ဖျ
စစ်စခန်းများ ရှိနေသည်။

တစ်ချိန်က ဗြိတိန်၊ ပြင်သစ်၊
စသည့် ဥရောပစက်မှုအရင်းရှင် န
ကျူးကျော်နယ်ချဲ့ သိမ်းပိုက်သွေးစု
များသည် တိုက်ရိုက်ကျွန်ပြု သွေးစု
ဖြစ်သည်။

ယနေ့ ကမ္ဘာတစ်ခွင်စစ်စခန်း
ဆောက်နေသော အမေရိကန်၏
လက်ဟောင်းများ၏ အင်ပိုင်ယာနှင့် ပုံ
စစ်အင်ပိုင်ယာ တည်ထောင်ကာ က
နိုင်ငံများ၊ ထားရာနေ စေရာသွား
ကိုလိုနီပုံစံသစ်ဖြစ်ပါသည်။အမေရိက
လိုလျှင် နီးရာ စစ်စခန်းမှ အလွယ်
လတ်တလော ဆိုမာလီယာကိုဗုံးကြဲ
နိုင်ငံ အမေရိကန်စစ်စခန်းကြီးမှ
သည်။

အမေရိကန်နိုင်ငံ၏ အရှေ့ဘ
လည်း အမေရိကန် စစ်သင်္ဘောအုပ်
စစ်သင်္ဘောများသည် ရေတပ်သင်္ဘော
များ၊ ဒုံးကျည် ဒုံးပျံတပ်၊ မရိန်း(
အစုံပါသည်။ အတ္တလန္တိတ်သမုဒ္ဒ
အမေရိကန်တပ် အလုံးအရင်းပါ
သည်။ တောင်ဘက်ဆင်းလာလျှင်
ပဒေသရာဇ်နိုင်ငံများတွင် အမေရိက
တွင် ယခုအခါ အမေရိကန်စစ်သား
ကွေ့ဒေသ၊ ပါရှန်ပင်လယ်ကွေ့၊
လည်း အမေရိကန်စစ်သင်္ဘောအုပ်

အာဖရိကနှင့် လက်တင်အမေ
စစ်စခန်းများရှိသည်။ အမေရိကန်
ယီပြည်နယ်(ကျွန်းစု)နှင့် ပစိဖိတ်
စစ်စခန်းများ၊ စစ်သင်္ဘောအုပ်စုများ
(အာရှအရှေ့ဖျား) မာရှယ်ကျွန်း၊ တိုင်
နယူးဇီလန်နှင့် တရုတ်(တိုင်ပေ)တို့
လေတပ်များ၊ ကြည်းတပ်စခန်းမျာ
အမေရိကန် စစ်သားလေးသောင်း၊

ပေသည်။

အရှေ့တောင်အာရှ(ယခု အာ
ဖိလစ်ပိုင်၌ အမေရိကန် စစ်စခန်း
မဆုတ်မနစ် ဆန္ဒပြ နှင်ထုတ်၍ အ
ခဲ့ရသည်။ အရှေ့တောင်အာရှနှင့်ပတ်
ထားနေသော ကွန်မြူနစ်နိုင်ငံကြီး၊ န
ကာကွယ်ရေးစွမ်းပကား၊ လူအင်အ
မျက်စိစပါးမွေးစူးနေသော နိုင်ငံများ
များ၏ဩဇာကိုမခံဘဲ အမျိုးသား
နိုင်ငံများသည် အမေရိကန်၏ ပစ်မှ
နိုင်ငံများ ဖြစ်နေပေသည်။

မေရိကန်၏အားထုတ်မှု ရေစုန်မျောသွားပြီ

တက္ကသိုလ်မြတ်သူ

အမေရိကန်သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို တရုတ်ဖြူကျူးကျော်မှုမှသည် လက်နက်ကိုင်သောင်းကျန်းမှုများ ကြီးထွားအောင်၊ မြေပေါ်ဆူပူမှုများဖြစ်ပွားအောင် လုပ်ဆောင်သည်အထိ ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ နယ်စပ်ဒေသမှ သောင်းကျန်းသူများ၊ ပြည်ပြေးများကို အမေရိကန်က ငွေကြေး၊ လက်နက်၊ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်ရေး၊ ဝါဒဖြန့်ချိရေး အထောက်အပံ့များ ပေးနေခဲ့သည်မှာလည်း ရာစုနှစ်တစ်ဝက်မက ရှိနေပေပြီ။

အဘယ့်ကြောင့် အမေရိကန်က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေပါသနည်း။

မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားယဉ်ကျေးမှု၊ ဝံသာနုရက္ခိတတရား၊ မိမိပြည်ထောင်စုနှင့် မိမိလွတ်လပ်ရေးကို မြတ်နိုးစောင့်ရှောက်မှု၊ အုပ်စုဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒချမှတ်ကျင့်သုံးပြီး မည်သည့် ပြည်ပ အင်အားကြီးနိုင်ငံ၏ဩဇာကို မခံမှု၊ အမျိုးသားရေးရပ်တည်မှု၊ စည်းလုံး ညီညွတ်မှုတို့ကို မလိုလား၍ နယ်ချဲ့(ကိုလိုနီ) ပုံစံသစ်အရ အမေရိကန်နှင့် အပေါင်းပါ (နယ်ချဲ့လက်ပါင်း၊ လက်သစ်)များက ရန်လိုနေကြခြင်းသာ ဖြစ်ပေသည်။

အမေရိကန်သည် တစ်သန်းခွဲခန့်ရှိသော ၎င်း၏ စစ်အင်အားထက်ဝက်ကျော်ကို နိုင်ငံတကာမြေပြင်၊ရေပြင်တို့၌ ကြည်း၊ရေ၊လေ၊မရိန်းတပ် စစ်စခန်းပေါင်း ၇၂၀ ကျော်ဖြန့်ကြက်ကာ စစ်အင်အား ထူထောင်ထားသည်။ သမုဒ္ဒရာ၊ ပင်လယ်မှန်သမျှ၌ အမေရိကန်စစ်သင်္ဘောအုပ်စုများရှိနေသည်။ တောင်/မြောက်အမေရိက၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ဩစတြေးလျ၊အာရှအရှေ့ဖျား ဒေသနိုင်ငံများ၌လည်း အမေရိကန် စစ်စခန်းများ ရှိနေသည်။

တစ်ချိန်က ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံ စသည့် ဥရောပစက်မှုအရင်းရှင် နယ်ချဲ့နိုင်ငံများက ကမ္ဘာ့နိုင်ငံများကို ကျူးကျော်နယ်ချဲ့ သိမ်းပိုက်သွေးစုပ်ခဲ့သည်။ ယင်းနယ်ချဲ့ အင်ပိုင်ယာများသည် တိုက်ရိုက်ကျွန်ပြု သွေးစုပ်ဖိနှိပ်သော နယ်ချဲ့ပိုင်နက်ကြီးများ ဖြစ်သည်။

ယနေ့ ကမ္ဘာတစ်ခွင်စစ်စခန်းများ တိုးချဲ့ပြီးရင်း တိုးချဲ့ရင်း တည်ဆောက်နေသော အမေရိကန်၏ စစ်အင်ပိုင်ယာက အဆိုပါ နယ်ချဲ့လက်ဟောင်းများ၏ အင်ပိုင်ယာနှင့် ပုံစံမတူပေ။ အမေရိကန်၏ လုပ်နည်းမှာ စစ်အင်ပိုင်ယာ တည်ထောင်ကာ ကမ္ဘာတစ်ခွင် ဗိုလ်ကျစိုးမိုးပြီးမှ ဩဇာခံနိုင်ငံများ၊ ထားရာနေ စေရာသွား ရုပ်သေးအစိုးရများ ဖန်တီးပေးသော ကိုလိုနီပုံစံသစ်ဖြစ်ပါသည်။အမေရိကန်ကနိုင်ငံတစ်ခုကို ကျူးကျော်တိုက်ခိုက်လိုလျှင် နီးရာ စစ်စခန်းမှ အလွယ်တကူ သွားတိုက်ရန်ဖြစ်သည်။ ယခုလတ်တလော ဆိုမာလီယာကိုဗုံးကြဲရာ၌ ဆိုမာလီယာနိုင်ငံအနီးရှိ ဂျီဘူတီနိုင်ငံ အမေရိကန်စစ်စခန်းကြီးမှ လေယာဉ်ထပျံပြီး ဗုံးကြဲခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အရှေ့ဘက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌လည်း အမေရိကန် စစ်သင်္ဘောအုပ်စုများက စိုးမိုးထားသည်။ ယခုခေတ် စစ်သင်္ဘောများသည် ရေတပ်သက်သက်မဟုတ်။ လေယာဉ်တင် သင်္ဘောများ၊ ဒုံးကျည် ဒုံးပျံတပ်၊ မရိန်း(ကမ်းတက်)တပ်၊ ထောက်ပံ့ရေးတပ် အစုံပါသည်။ အတ္တလန္တိတ်သမုဒ္ဒရာ အရှေ့ဘက် ဥရောပကိုလည်း အမေရိကန်တပ် အလုံးအရင်းပါသော နေတိုးစစ်အုပ်စုက စိုးမိုးထားသည်။ တောင်ဘက်ဆင်းလာလျှင် အရှေ့အလယ်ပိုင်း အာရပ်ရေနံသူဌေး ပဒေသရာဇ်နိုင်ငံများတွင် အမေရိကန်စစ်စခန်းများ ရှိနေသည်။ အီရတ်တွင် ယခုအခါ အမေရိကန်စစ်သား တစ်သိန်းခွဲကျော် ရှိသည်။ ပင်လယ်ကွေ့ဒေသ၊ ပါရှန်ပင်လယ်ကွေ့၊ မြေထဲပင်လယ်၊ အိန္ဒိယ သမုဒ္ဒရာတို့၌လည်း အမေရိကန်စစ်သင်္ဘောအုပ်စုများ ဖြန့်ကြက်ထားသည်။

အာဖရိကနှင့် လက်တင်အမေရိက နိုင်ငံများစွာ၌လည်း အမေရိကန် စစ်စခန်းများရှိသည်။ အမေရိကန် ပြည်ထောင်စု အနောက်ဘက် ဟာဝိုင်ယီပြည်နယ်(ကျွန်းစု)နှင့် ပစိဖိတ် သမုဒ္ဒရာ တစ်ခွင်တွင်မူ အမေရိကန် စစ်စခန်းများ၊ စစ်သင်္ဘောအုပ်စုများ ပြည့်နှက်နေသည်။ ပစိဖိတ် သမုဒ္ဒရာ (အာရှအရှေ့ဖျား) မာရှယ်ကျွန်း၊ တိုင်နီယံကျွန်း၊ ဂူအမ်ကျွန်း၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တရုတ်(တိုင်ပေ)တို့တွင် အမေရိကန် စစ်သင်္ဘောအုပ်စုများ၊ လေတပ်များ၊ ကြည်းတပ်စခန်းများ ရှိနေသည်။ တောင်ကိုရီးယားတွင် အမေရိကန် စစ်သားလေးသောင်း၊ ဂျပန်နိုင်ငံတွင် လေးသောင်းတပ်စွဲထားပေသည်။

အရှေ့တောင်အာရှ(ယခု အာဆီယံအဖွဲ့ဝင်) ၁၀နိုင်ငံတွင် ယခင်က ဖိလစ်ပိုင်၌ အမေရိကန် စစ်စခန်း လေးခုရှိသည်။ ဖိလစ်ပိုင် ပြည်သူတို့က မဆုတ်မနစ် ဆန္ဒပြ နှင်ထုတ်၍ အမေရိကန် စစ်စခန်းများ ရုပ်သိမ်းသွားခဲ့ရသည်။ အရှေ့တောင်အာရှနှင့်ပတ်ဝန်းကျင်တွင် အမေရိကန်တို့ ပစ်မှတ်ထားနေသော ကွန်မြူနစ်နိုင်ငံကြီး၊ နိုင်ငံငယ်များသည် စီးပွားရေးအင်အား၊ ကာကွယ်ရေးစွမ်းပကား၊ လူအင်အားတိုးပွားလာနေသဖြင့် အမေရိကန် မျက်စိစပါးမွေးစူးနေသော နိုင်ငံများဖြစ်နေသည်။ အထူးသဖြင့် ကိုလိုနီနိုင်ငံများ၏ဩဇာကိုမခံဘဲ အမျိုးသားရေးရပ်တည်ချက်ကို အလေးထားသော နိုင်ငံများသည် အမေရိကန်၏ ပစ်မှတ်ကြီး၊ ပစ်မှတ်လတ်၊ ပစ်မှတ်ငယ် နိုင်ငံများ ဖြစ်နေပေသည်။

ယင်းပစ်မှတ်နိုင်ငံများကိုဖြိုဖျက်ပြီး ဒေသတစ်ခွင်လုံးကို စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးစိုးမိုးဗိုလ်ကျရန်ဟူသော ယနေ့ အမေရိကန်မူဝါဒအရ အမေရိကန်စစ်အင်ပိုင်ယာကို တိုးချဲ့တည်ဆောက်ရန် လိုအပ်နေသည်။ လက်ရှိအနေအထား၌ အာဆီယံ ၁၀ နိုင်ငံတွင် အမေရိကန်စစ်စခန်းကြီးများမရှိဘဲ ကွက်လပ်ဖြစ်နေရာ ကမ္ဘာတစ်ပတ် ပုတီးကုံးသီသလို စီတန်းချထားသည့် အမေရိကန်စစ်အင်ပိုင်ယာသည် အရှေ့တောင်အာရှတွင် စစ်စခန်းပုတီးစေ့များ မသီနိုင်ဘဲ ပုတီးကွဲပြတ်တောက်လျက်ရှိနေသည်။

ထို့ကြောင့် **မြန်မာနိုင်ငံသည် အမေရိကန်အတွက် မဟာဗျူဟာမြောက် နိုင်ငံဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ၎င်းတို့အလိုကျကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတက်လာလျှင် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနှင့် အမေရိကန်စစ်စခန်းများလိုမ့်ဝင်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေရိကန်စစ်စခန်းစုံရှိလျှင် ဝန်းကျင်နိုင်ငံများကို စစ်ရေးဩဇာစိုးမိုးနိုင်မည်ဖြစ်သည်။**

သို့ရာတွင် မြန်မာနိုင်ငံအစိုးရအဆက်ဆက်က ပြည်ပစစ်စခန်းများကို လုံးဝလက်မခံ၊ ငွေကြေးမက်လုံးကိုလည်း လုံးဝလက်မခံ၊ ဖိအားပေးခြိမ်းခြောက်မှုကို ပြတ်သားစွာပယ်ချပြီး မြန်မာ့ရပ်တည်ချက်မှန်အတိုင်း ကျင့်သုံးလျက်ရှိသည်။

၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် (NLDနှင့် SNLD အပါအဝင်)နိုင်ငံရေးပါတီ ၁၀ခု၊ ရွေးချယ်ခံကိုယ်စားလှယ်အမတ်များ၊ ပြည်နယ်၊တိုင်းဒေသစုံမှ တိုင်းရင်းသားစုံ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် တိုင်းရင်းသားအဖွဲ့များ၊ သမိုင်းပညာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံတကာရေးရာကျွမ်းကျင်သော သံတမန်အငြိမ်းစားများ တက်ရောက်သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးက နိုင်ငံတော် အခြေခံမူကြီး (၁၀၄)ချက်ကို တညီတညွတ်ချမှတ်ခဲ့သည်။ ယင်းအခြေခံမူ (၁၀၄)ချက်တွင် **“နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု”**ဟူသော အခြေခံမူကြီး ပါဝင်ခဲ့သည်။

ယင်းအခြေခံမူသည် အမေရိကန်၏ စစ်အင်ပိုင်ယာ စိတ်ကူးယဉ် အိပ်မက်ကို ပျက်ပြယ်စေခဲ့သည်။ ထိုအချိန်မှစပြီး ယင်းအခြေခံမူပျက်အောင် အမျိုးသားညီလာခံပျက်စေရမည်ဟု ရှုမြင်ကာ မြန်မာနိုင်ငံကို အမေရိကန်တို့ နည်းမျိုးစုံဖြင့် တိုက်ကွက်ဆင်လာသည်။ အမျိုးသားသစ္စာဖောက်ပုဆိန်ရိုးများကို ပိုမိုထောက်ပံ့ ပွဲထုတ်လာသည်။ ပြည်ထောင်စုပြိုကွဲသွားအောင် ပြည်ပြေးတစ်စုကို ခွဲထွက်ရေး ကြွေးကြော် လှုပ်ရှားစေသည်။ ဆူပူမှု၊ ဖောက်ခွဲအကြမ်းဖက်မှုများဖြင့် နိုင်ငံဖြိုဖျက်ရေး၊ ညီလာခံဖျက်ဆီးရေး လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည်။ အမေရိကန်နှင့် နောက်လိုက် ဥရောပနယ်ချဲ့လက်ဟောင်းနိုင်ငံများက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ နှောင့်ယှက်ပြီး အကြမ်းဖက်သောင်းကျန်းသူများကိုမူ အားဖြည့် ထောက်ပံ့ခဲ့သည်။

အထူးသဖြင့် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံမှ အမျိုးသားရေး အင်အားစု၊ အမျိုးသားရေးရပ်တည်ချက်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ရလဒ်များကို ဖျက်ဆီးလျက် ၎င်းတို့၏ ပုဆိန်ရိုး ရုပ်သေးအစိုးရလက် အာဏာသက်ရောက်စေရန် လူ့အခွင့်အရေးချိုးဖောက်မှု၊ မူးယစ်ဆေးဝါး ပပျောက်အောင် မလုပ်ဆောင်မှု၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှု၊ ဘာသာရေးဖိနှိပ်မှု၊ တိုင်းရင်းသားလူမျိုးများအား နှိမ်နင်းမှု၊ HIV/AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါများ ပိုမိုပြန့်ပွားလာမှု စသည့် မုသားစွပ်စွဲချက်များဖြင့် ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်လာသည်။

ကုလသမဂ္ဂ၊ ILOစသည့် အဖွဲ့အစည်းများ၏ အစည်းအဝေးများ၊ ညီလာခံများကို တလွဲအသုံးချပြီး မြန်မာနိုင်ငံအပေါ် ဒုက္ခပေးရန်ကြိုးပမ်းနေသည့် အမေရိကန်၏လုပ်ရပ်များကို ကမ္ဘာက မြင်သိနေကြပြီး ဖြစ်သည်။ ၂၀၀၆ ခု စက်တင်ဘာလ ၁၅ ရက်နေ့၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ၏ အခြေအနေ (Situation in Myanmar) ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် အမေရိကန်က အဆိုပြုခဲ့သည်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ဗီတိုအာဏာပိုင်ရှင် တရုတ်နှင့် ရုရှားအပါအဝင် ကန့်ကွက်သည့် နိုင်ငံလေးနိုင်ငံ၊ မဲမပေးဘဲနေသောနိုင်ငံ တစ်နိုင်ငံ၊ ထောက်ခံသောနိုင်ငံ ၁၀နိုင်ငံတို့၏မဲဖြင့် အတည်ပြုခဲ့ရသည်။

ထိုစဉ်ကပင် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်ဘက်မလိုက် ၁၁၆နိုင်ငံ ညီလာခံက ယင်းလုပ်ရပ်သည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်အပိုဒ် (၂၄)နှင့် ဆန့်ကျင်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို လုံးဝမထိပါး၊ မခြိမ်းခြောက်ကြောင်း ကန့်ကွက်ပြောကြားခဲ့ကြသည်။ ကာတာနိုင်ငံကလည်း ဒေသတွင်းရှိ မည်သည့်နိုင်ငံကမျှ မြန်မာနိုင်ငံအခြေအနေသည် ဒေသငြိမ်းချမ်းရေး ခြိမ်းခြောက်သည်ဟု မယူဆကြောင်း ပြောကြားကန့်ကွက်ခဲ့သည်။

ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကမူ နယ်ချဲ့အားကိုး ပုဆိန်ရိုးများပီပီ အမေကျော် ဒွေးတော်လွမ်းကာ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြသည်။အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့် စည်းကိုက် ဝါးကိုက် အချိန်ကိုက် အတိုင်အဖောက်ညီညီ လိုက်ပါလှုပ်ရှား စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ၁၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် ယာယီသံအမတ်ကြီး အလက်ဂျန်ဒရိုဒီဝုဖ်က အမေရိကန်နှင့်ဗြိတိန်တို့ ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးကြရာ တရုတ်သံအမတ်ကြီး မစ္စတာဝမ်ကွမ်းရက မြန်မာ့အရေးမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးသာဖြစ်သည်။မြန်မာ့ပြည်တွင်းရေးသည် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ဟု ပြောကြားကန့်ကွက်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး မစ္စတာဗိုက်တလီချာကင်ကလည်း မိမိတို့နှင့်မြန်မာ့အိမ်နီးချင်းနိုင်ငံတို့က မြန်မာ့အခြေအနေသည် နိုင်ငံတကာနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည်ဟု မယူဆကြောင်း၊ ယခုလုပ်ရပ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ဘောင်ကျော်လုပ်ဆောင် အသုံးချလာခြင်းသာဖြစ်ကြောင်း ပြောကြားကန့်ကွက်သည်။ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး မစ္စတာဒူမီဆာ နီအက်စ်ကူမာလိုကလည်း ကျင်းပဆဲ အာဆီယံနိုင်ငံများ အစည်းအဝေးက မြန်မာ့အရေးကိစ္စသည် နိုင်ငံတကာ လုံခြုံရေး၊ ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ဟု ပြောကြားကြောင်း၊ မိမိတို့ကလည်း အလားတူ ရှုမြင်ကြောင်း ပြောကြားကန့်ကွက်ခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသော ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ(ဗီတိုပိုင်ရှင် အမြဲတမ်း အဖွဲ့ဝင် ငါးနိုင်ငံ၊ အလှည့်ကျ ၁၀နိုင်ငံ)မဲခွဲရာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့်ဘယ်လ်ဂျီယံ ကိုးနိုင်ငံတို့က ထောက်ခံမဲ ပေးကြသည်။ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာသုံးနိုင်ငံက ကြားနေမဲ ပေးခဲ့ကြပြီး ရုရှား၊တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်မဲ ပေးကြသည်။ **ကုလသမဂ္ဂ လုံခြုံရေးကောင်စီ စည်းမျဉ်းစည်းကမ်းအရ ဆုံးဖြတ်ချက်မူကြမ်း တင်ပြရာတွင် လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံက သဘောမတူဘဲ ကန့်ကွက်မဲပေးလျှင် ဗီတိုအာဏာဖြင့် ပယ်ချခြင်းဖြစ်၍ ထိုဆုံးဖြတ်ချက်ကို မချမှတ်နိုင်ပေ။ ယခုကိစ္စတွင် ဗီတိုအာဏာပိုင်ရှင် ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာသုံးကာ ပူးပေါင်းကန့်ကွက်(ပယ်ချ)ကြရာ Double Veto Vote ခေါ် ဗီတိုအာဏာနှစ်ထပ်ကွမ်းဖြင့် ထူးထူးကဲကဲ ပယ်ချလိုက်ခြင်းဖြစ်ပေသည်။**

ယင်းသို့ ပယ်ချခံလိုက်ရသဖြင့် အမေရိကန်၊ ဗြိတိန်နှင့်အပေါင်းပါများ၊ ပြည်ပြေးပုဆိန်ရိုးများနှင့် အမျိုးသား သစ္စာဖောက်များက ဆွေ့ဆွေ့ခုန်ကာ မကျေမနပ်ဖြစ်နေကြသော်လည်း ကမ္ဘာက အမေရိကန်၏ ကုလသမဂ္ဂအပေါ် စံနှစ်မျိုးကျင့်သုံးကာ လိုရာဆွဲအသုံးချနေသော လုပ်ရပ် အရေးနိမ့်သွားခြင်းကို ကြိုဆိုကြသည်။ ဤအောင်ပွဲသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုသော ကမ္ဘာ့ပြည်သူများနှင့် နိုင်ငံတကာ၏ အောင်ပွဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူ ၅၅ သန်းကျော်တို့၏ အောင်ပွဲဖြစ်ပေသည်။

အမေရိကန်နှင့် ဗြိတိန်တို့ပူးတွဲတင်သွင်းသည့် ဆုံးဖြတ်ချက်မူကြမ်းတွင် ပါဝင်သော မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အကြောင်းပြစွပ်စွဲမှုများမှာလည်း တစ်ခုမှမမှန်ကြောင်းကို နေ့စဉ်သတင်းများ၊ သတင်းစာရှင်းလင်းပွဲများ၊ သတင်းဆောင်းပါးများကို လေ့လာသိရှိထားသူ မြန်မာတိုင်းနှင့် နိုင်ငံတိုင်းက သိထားကြပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်မှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းနေမှု၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တိုင်းတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသူများ၊ နေ့စဉ်နှင့်အမျှ တွေ့မြင်လေ့လာသိရှိနေသူများ၊ ဖြစ်ထွန်းလာသော အကျိုးစီးပွားရလဒ်များကို ၁၉၈၈ကာလများနှင့်မတူ တစ်မူထူးခြားစွာ ရရှိခံစားနေရသော တိုင်းရင်းသားပြည်သူများနှင့်တကွ မြန်မာနိုင်ငံသို့လာရောက် လေ့လာဖူးသူတိုင်း နားလည်သိရှိ သဘောပေါက်နေကြပြီဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းသည့် ဆုံးဖြတ်ချက်မူကြမ်းတွင်ပါဝင်သော မြန်မာနိုင်ငံအပေါ် အကြောင်းပြစွပ်စွဲချက်များသည် အခြေအမြစ်အထောက်အထားကင်းမဲ့ကြောင်း၊ သတင်းဖြစ်ရပ်မှန်၊ မြေပြင်ပကတိဖြစ်ရပ်မှန်များနှင့် ကင်းကွာနေပြီး မြန်မာနိုင်ငံအပေါ် ဆန့်ကျင်ဘက်ပြုနေသူများနှင့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ လုပ်ကြံပုံဖျက်ထားသော အကြောင်းအရာများသာဖြစ်ကြောင်းကို ၎င်းတို့၏ အဆိုပြုချက်မူကြမ်းကို ကြည့်ရုံဖြင့်သိရှိနိုင်သည်။

၎င်းတို့တင်သွင်းသော အဆိုပြုချက်မူကြမ်းပါ အကြောင်းပြစွပ်စွဲချက်များကို ဖော်ပြရလျှင် “တိုင်းရင်းသားလူနည်းစုဒေသများတွင် တိုက်ခိုက်နေမှုများကို ရပ်ဆိုင်းရန်၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို ကန့်သတ်ချက်မရှိဘဲ ဆောင်ရွက်ခွင့်ပြုရန်၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ILOနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံရေးသမားများ၊ လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူများနှင့် တွေ့ဆုံဆွေးနွေးရန်၊ နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရန်”ဆိုသည့် အပ်ကြောင်းထပ်နေသော မဲပြာပုဆိုး တောင်းဆိုမှုများသာဖြစ်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းတင်သွင်းသည့် ၎င်းဆုံးဖြတ်ချက်မူကြမ်းပါ တောင်းဆိုချက်များသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုမဆိုထားနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်မှုမရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စ သက်သက်သာဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးနေသော ကိစ္စရပ်များသာဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ပြောင်းလဲဖြစ်ပေါ် တိုးတက်နေသော နေ့စဉ်သတင်းများအား လေ့လာစောင့်ကြည့်ဖတ်ရှုနေသူတိုင်း နားလည်သဘောပေါက်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများကိုယ်တိုင်လည်း နိုင်ငံအနှံ့ကျင်းပသော သတင်းစာရှင်းလင်းပွဲများ၊ လေ့လာရေးခရီးစဉ်များတွင် လိုက်ပါလေ့လာကြည့်ရှုအကဲခတ်ခြင်းဖြင့် အမှန်နှင့်အမှား၊ အပြုနှင့်အဖျက် လုပ်ဆောင်ချက်များကို ခွဲခွဲခြားခြား နားလည်သဘောပေါက်ထားကြပြီးလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း လာရောက်တာဝန်ထမ်းဆောင်ကူညီနေကြသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုယ်တိုင်လည်း မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်ဖြစ်ထွန်းမှုများ၊ အပြုသဘော ပူးပေါင်းဆောင်ရွက်နေမှုများကို နားလည်သဘောပေါက်ထားကြပြီးဖြစ်ပါသည်။ တာဝန်သိသော စာနယ်ဇင်းသမားများကလည်း ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရသော သတင်းအချက်အလက်မှန်များ၊ ဖြစ်ရပ်မှန်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားဖော်ပြ အသိပေးခဲ့ကြပြီးလည်း ဖြစ်သည်။ ဆက်လက်၍လည်း အမှန်တရားဘက်မှ ခိုင်မာစွာရပ်တည်ပြီး လေ့လာရေးသားဖော်ပြသွားကြဦးမည်ဟု ယုံကြည်ပါသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ ယခုလုပ်ရပ်သည် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းနေခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ ထို့ကြောင့် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသည့် အဆိုပြုချက်မူကြမ်းသည် ဆင်ခြင်တုံတရား ကင်းမဲ့စွာ မုသားသုံး၍ မြန်မာနိုင်ငံကို ပုတ်ခတ်စွပ်စွဲ ထိုးနှက်နေခြင်းသာဖြစ်သည်ဟု အတိအလင်း ဆိုလိုက်ပါသည်။

မြန်မာတို့၏ ပကတိ ဖြူစင်သော ရပ်တည်ချက်၊နိုင်ငံနှင့် ကမ္ဘာ့မိသားစု တာဝန်များကို ကြိုးပမ်းဆောင်ရွက်ချက်၊ မြန်မာတို့၏ ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေး အားထုတ်ချက်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်အာဖရိကသမ္မတနိုင်ငံနှင့် ကမ္ဘာက အသိအမှတ်ပြု ထောက်ခံကြသည်ကို မြန်မာပြည်သူ တစ်ရပ်လုံးက ဝမ်းမြောက်အားရစွာ ကျေးဇူးဥပကာရတင်ရှိနေကြကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။ ။

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ် ယှဉ်ပြိုင် မြန်မာအသင်း ဂိုးသွင်းခွင့်များရသော်လည်း သရေနှင့်ကျေနပ်ရ

သတင်းမြင်ကွင်း
ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၁၄

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ASEAN Championship 2007) ကို ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်၌ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ဂိုးမရှိသရေပွဲ ဖြစ်သွားပြီး ဒုတိယပွဲစဉ်၌ ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နစ်နာခဲ့ရ

မြန်မာအသင်းသည် အနိုင်ရရှိမှသာ အကြို ဗိုလ်လုပွဲတက်ရေး စိတ်ချရမည်ဖြစ်၍ တိုက်စစ်ဖွင့် ကစားသော်လည်း အဆုံးသတ် မပိုင်နိုင်ခြင်းနှင့် ဂိုးကံခေခြင်းတို့ကြောင့် သရေ (တစ်မှတ်) နှင့် ကျေနပ်လိုက်ရသည်။ ပွဲစပြီး ၁၀ မိနစ်အကြာတွင် သေချာပေါက် ဂိုးရနိုင်သည့် အခွင့်အရေး တစ်ကြိမ် ရရှိသော်လည်း တိုက်စစ်မှူး ရန်ပိုင် ကန်သွင်းသည့် ဘောလုံးမှာ ဂိုးတိုင်ထိပြီး ထွက်သွား၍ နစ်နာခဲ့ရသည်။ မလေးရှားအသင်းကလည်း ပွဲစစချင်းဆိုသလို တိုက်စစ်ဆင် ထိုးဖောက်ကစားရင်း တိုက်စစ်မှူး နာဇာရူဒင်ခေါင်းတိုက်သွင်းသည့် ဘောလုံး ဂိုးဘားတန်းပေါ်မှ မဆိုသလောက် ကပ်ကျော်သွားခဲ့သည်။

စိုးမြတ်မင်းမပါဝင်

မြန်မာ့လက်ရွေးစင် အသင်းတွင် ထိုင်းနှင့်ပွဲ၌ လက်ဒဏ်ရာရသွားသော ဂိုးသမားအောင်အောင်ဦး မပါဝင်နိုင်၍ ဂိုးသမားကျော်ဇင်ထက် ပါဝင်လာသည်မှလွဲ၍ ကစားသမား အပြောင်းအလဲမရှိဘဲ ပွဲထွက်လာသည်။ မြန်မာအသင်းတွင် ဒဏ်ရာအလျဉ်းမပျောက်သေးသော အသင်းခေါင်းဆောင် စိုးမြတ်မင်း မပါဝင်နိုင်၍ အလယ်တန်းမှ တိုက်စစ်ပံ့ပိုးနိုင်မှု အားနည်းနေဆဲဖြစ်သည်။ ပွဲအစပိုင်းတွင် တစ်သင်းနှင့် တစ်သင်း ခြေမကွာဘဲ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးဖောက် ကစားနိုင်ကြသည်။

ပထမပိုင်းမိနစ် ၂၀ တွင် မလေးရှားအသင်းမှ တိုက်စစ်မှူး နာဇာရူဒင် အပိုင်ကန်သွင်းရာ ဂိုးသမား ကျော်ဇင်ထက် လှဲအိပ်ကာကွယ်လိုက်၍ တစ်ဂိုးသက်သာခဲ့ရသည်။ လူငယ်ဂိုးသမား ကျော်ဇင်ထက်မှာ ယနေ့ပွဲ၌ အမှားအယွင်းမရှိ အစွမ်းပြဖမ်းနိုင်ခဲ့၍ အောင်အောင်ဦး မပါနိုင်သော်လည်း အားနည်းမှုမရှိခဲ့ချေ၊ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစား၍ ဘောလုံး ရသပေါ်လွင်ပြီး ကြည့်ကောင်းသည့် ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။ ပွဲချိန် ၂၅ မိနစ် နောက်ပိုင်း၌ မလေးရှားအသင်း အချိတ်အဆက် မိလာပြီး ထိုးဖောက် ကစားလာနိုင်သည်။

လူစားလဲခဲ့

ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဆောင်ရွက်သော ဗီယက်နမ် ဒိုင်လူကြီး၏ အဆုံးအဖြတ်အချို့မှာ ဘက်လိုက်မှုရှိသည်ဟု မဆိုသာသော်လည်း ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် မြန်မာအသင်းမှ တိုက်စစ်မှူး စည်သူဝင်း အဝါကတ်ပြခြင်းခံခဲ့ရသည်။ မြန်မာအသင်းက ပထမပိုင်း ပြီးဆုံးကာနီး အချိန်ပိုင်း၌ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ရာ ဂိုးရနိုင်သောအခွင့်အရေး လေးကြိမ်ရရှိခဲ့သည်။ ပထမပိုင်းမိနစ် ၄၀ တွင် ထိခိုက်ဒဏ်ရာရရှိထားသော အောင်မြင့်အေးအစား ကျော်သူရကို လူစားလဲခဲ့သည်။

လူစားဝင်လာသည့် ကျော်သူရ မလေးရှားဂိုးရှေ့သို့ ဖြတ်ချိုးပေးသည့် ဘောလုံးကို ရန်ပိုင် ဝင်ပိတ်ရန်ကြိုးစားသော်လည်း ခြေတစ်လှမ်းနောက်ကျနေ၍ တစ်ဂိုးနစ်နာခဲ့ရသည်။ အလယ်တန်းလူ ခင်မောင်ထွန်း ပယ်နယ်တီဧရိယာအတွင်းမှ အပိုင်ကန်သွင်းသည့်ဘောလုံးမှာ မလေးရှားနောက်ခံရင်ပတ်နှင့် ထိထွက်သွား၍ နစ်နာခဲ့ရပြန်သည်။ ပထမပိုင်းပြီးဆုံးရန် မိနစ်ပိုင်းအလိုတွင် မလေးရှားဂိုးသမားနှင့် နောက်တန်းလူများ ခက်ခက်ခဲခဲကာကွယ်ခဲ့ရပြီး မြန်မာပရိသတ်များ ဟာခနဲ ဟင်ခနဲ ဖြစ်ခဲ့ကြရသည်။

ဒုတိယပိုင်း

မြန်မာအသင်းက ဒုတိယပိုင်း၌ ခင်မောင်ထွန်းအစား ကျော်သီဟကို လူစားလဲကစားရာ ညာတောင်ပံမှ ထိုးဖောက်မှု အားကောင်းလာသည်။ မလေးရှားဂိုးရှေ့သို့ အမြောက်ကန်ပို့သည့်ဘောလုံးများကို စည်သူဝင်းနှင့် ကျော်သီဟတို့ ခေါင်းတိုက်ဂိုးသွင်းရာ ဂိုးဝင်လုဝင်ခင်ဖြစ်ခဲ့သည်။ မြန်မာအသင်းသည် ကွင်းလယ်ကြောမှ အပေးအယူလုပ်ရင်း ကစားကွက်ဖော်နိုင်သော်လည်း မလေးရှားဂိုးရှေ့ရောက်လျှင် ဂိုးရအောင်ဖန်တီးနိုင်မှု အားနည်း၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းက ဂိုးရရှိရေး အကြိမ်ကြိမ် ထိုးဖောက်ကစားရာမှ နောက်တန်းလူ မိုးဝင်း ဟန်ဆောင်လှဲချသည်ဆိုကာ ဒိုင်လူကြီးက အဝါကတ်ပြခဲ့သည်။ မြန်မာအသင်းသည် ဘောလုံး ပိုင်ဆိုင်မှုပိုများသော်လည်း ဘောလုံးအပေးအပို့အပိုင်း၌ သေချာမှုမရှိဘဲ ဘောလုံးအထုတ်ကြာ၍ အခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ပွဲပြီးကာနီး၌ မလေးရှား ဂိုးဧရိယာအတွင်း မြောက်နေသည့်ဘောလုံးကို တိုက်စစ်မှူး စည်သူဝင်းနှင့် မလေးရှားနောက်ခံလူတို့ ခေါင်းခုန်တိုက်ရင်း စည်သူဝင်း မျက်ခုံးကွဲသွားသော်လည်း ပွဲပြီးသည်အထိ ဆက်ကစားသွားသည်။

သူတို့ပါဝင်ကစား

မြန်မာအသင်းတွင် **(ဂိုး)** ကျော်ဇင်ထက်၊ **(နောက်တန်း)** ခင်မောင်လွင်၊ ဇော်လင်းထွန်း **(အသင်းခေါင်းဆောင်)**၊ မင်းသူ၊ မိုးဝင်း၊ **(အလယ်တန်း)** အောင်မြင့်အေး (ကျော်သူရ)၊ စိုးသီဟအောင်၊ ခင်မောင်ထွန်း (ကျော်သီဟ)၊ အောင်မျိုးသန့်၊ **(ရှေ့တန်း)**ရန်ပိုင်၊ စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

အုပ်စု(က)

ယနေ့ပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ထိုင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မြန်မာအသင်းက နှစ်ပွဲသရေ နှစ်မှတ်ရရှိထားပြီး ဖိလစ်ပိုင်အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးချေ။

ယနေ့ပွဲ

ဇန်နဝါရီ၁၅ ရက်**(ယနေ့)**တွင် စင်ကာပူနိုင်ငံ၌ အုပ်စု(ခ)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စင်ကာပူအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါးကဏ္ဍစုံလင်စွာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃) အမှတ်(၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာ့အရေးကိစ္စ လုံခြုံရေးကောင်စီ အဆိုမူကြမ်းကို သဘောမတူကြောင်း အင်ဒိုနီးရှားနိုင်ငံက ပြောကြား၊ သဘာဝဓာတ်ငွေ့သုံး မီနီဘတ်စ်များတင်သွင်း ခရီးသွားလုပ်ငန်းများက ဝယ်ယူအသုံးပြု၊ ဩစတြေးလျနိုင်ငံတွင် ပညာသင်ရင်း အလုပ်လုပ်ခွင့်ရပြီ၊ အဲပုဂံ ပြည်တွင်း လက်မှတ်အရောင်းကောင်တာ မြန်မာ့လေကြောင်းဌာနအဆောက်အအုံတွင် ဖွင့်လှစ်၊ စီအင်န်ဂျီအရောင်းဆိုင်သစ်များအတွက် အရည်အသွေးမြင့် ဓာတ်ငွေ့ဖြည့်ကိရိယာများ တပ်ဆင်မည် စသည့် ပြည်တွင်းရေးရာ သတင်းများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

'အာစင်ဝင်းဂါးနှင့် ဖလားနှစ်လုံး အိပ်မက်' အားကစားဆောင်းပါးနှင့်အတူ ပြည်ပအခြေချ တရုတ်လူမျိုးများ ပြည်တော်ပြန်လာရေး တရုတ်အစိုးရအားထုတ်၊ အရေပြားအောက်အဆီထဲမှ အသည်းကလာပ်စည်း ဂျပန်သုတေသီများ ဖန်တီးနိုင်၊ လုံခြုံရေးတိုးမြှင့်ရန် ရုပ်မြင်စနစ်များ ထိုင်းနိုင်ငံတွင် တိုးချဲ့တပ်ဆင်၊ အမေရိကန်ဈေးကွက်၌ တိုယိုတာသည် တတိယနေရာရောက်လာ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အထက(၁)ရွှေပြည်သာ၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၈ရက်က ကျင်းပရာ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆုရကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ၃ ရက်က အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း ဗဟန်းမြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဆွေက သုံးနှစ်ဆက်တိုက် ပထမဆုရ တတိယတန်းမှ မအိမ့်မှူးသော်အား ဆုချီးမြှင့်စဉ်။ (က–ပ)

MA MA ခေါက်ဆွဲ နိုင်ငံခြားခရီးစဉ် ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁၄

ရောဝတီ စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီ လီမိတက်က ထုတ်လုပ်ပြီး MMSEA Marketing Co., Ltd. က ဖြန့်ဖြူးသည့် MA MA ခေါက်ဆွဲ၏ စားသုံးသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်ခဲ့သော ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotion အတွက် ကံထူးရှင်ရွေးချယ်ပွဲကို ဇန်နဝါရီ၁၂ ရက် ညနေ ၆ နာရီခွဲက Hotel Nikko Royal Lake Yangon (Pool Side) ၌ ကျင်းပသည်။

ရွေးချယ်

ရှေးဦးစွာ ရောဝတီစားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်မှ Marketing Manager ဦးကောင်းနိုင်ဦးက ၂၀၀၇ ခုနှစ် နိုင်ငံခြား ခရီးအထူးအစီအစဉ် Promotion နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟာသသရုပ်ဆောင်များက တင်ဆက်ဖျော်ဖြေကြပြီး နှစ်သိမ့်ဆု MA MA ကျောပိုးအိတ် အလုံး ၂၀၀၊ တတိယဆုအဖြစ် MP3 Player ၁၀ခု၊ ဒုတိယဆုအဖြစ် ရွှေဆွဲပြားသုံးခု၊ ပထမဆုအဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ နှစ်ညအိပ်သုံးရက်ခရီး ကံထူးရှင် ၁၀ ဦးတို့အား တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက မဲနှိုက်ရွေးချယ်ပေးကြသည်။

MA MA ခေါက်ဆွဲစားသုံးသူပြည်သူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်ခဲ့သော ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotionကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစတင်၍ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မဂ္ဂဇင်း၊ ဂျာနယ်များ၌ ကြော်ငြာများ ထည့်သွင်း၍ နိုင်ငံနှင့်အဝန်း စားသုံးသူပြည်သူများ သိရှိ၍ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ကံထူးရှင်

MA MAခေါက်ဆွဲ၏ ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotionမှ နိုင်ငံခြားခရီးကံထူးရှင် ၂၀ အနက်မှ စားသုံးသူရှစ်ဦးမှာ မဇင်မာသူ (ကွမ်းတုံရပ်၊ မုဒုံ)၊ ဦးကျင်သိန်း (အုန်းတော–၁၊ တောင်တွင်းကြီး)၊ ဒေါ်တင်တင်ဆွေ (သိမ်ကုန်းရပ်၊သထုံ)၊ ဦးဝင်းကြိုင်(ဗဟန်း၊ရန်ကုန်)၊ အရှင်အရိယဝံသ (စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း)၊ မသီရိရတနာ (နန်းရှေ့၊ မန္တလေး)၊ ကိုဇော်မြင့် (၂၄ လမ်း၊ ၈၃ x ၈၄ ကြား၊ မန္တလေး) နှင့် မယဉ်မျိုးသူ (မရမ်းကုန်း၊ ရန်ကုန်)၊ ကံထူးရှင်နှစ်ဆိုင်မှာ ရွှေထိုက်(ကန်သာဈေး၊ မကွေး) နှင့် ဘီ–၂၂ စတိုး (တောင်တွင်းကြီး)တို့ ဖြစ်ကြသည်။

ဆုရရှိကြသည့် ကံထူးရှင်များ စာရင်းကိုဇန်နဝါရီလအတွင်း တိုက်ရိုက်အကြောင်းကြား၍ လည်းကောင်း၊ မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဖော်ပြ၍လည်းကောင်း အသိပေး အကြောင်းကြားသွားမည်ဖြစ်သည်။ နှစ်သိမ့်ဆုနှင့် တတိယဆုရရှိကြသူများသည် MA MA ခေါက်ဆွဲ အရောင်းကိုယ်စားလှယ်များနှင့် MMSEA Marketing Co., Ltd.ရုံးခွဲများ၌ လည်းကောင်း၊ ဒုတိယဆုနှင့် ပထမဆုရရှိကြသူများသည် ရောဝတီ စားသောက်ကုန်လုပ်ငန်း ရန်ကုန်ရုံးချုပ်နှင့် မန္တလေးရုံးခွဲများ၌ လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MA MA ခေါက်ဆွဲ၏ ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် ကံထူးရှင်ရွေးချယ်ပွဲတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီအိန္ဒြာကျော်ဇင် ကံထူးရှင်အား မဲနှိုက်ရွေးချယ်ပေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင်နီယာ ဦးမောင်မောင်သွင်က ကျော–ဥမင်–ရေမျက်နီ ရထားလမ်းပိုင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ အပြီးသတ် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူက ဥမင်နှင့် ချဉ်းကပ်ရထားလမ်းပိုင်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြပြီး ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဥမင်နှင့် ရထားလမ်းဖွင့်လှစ်နိုင်ရေး အစီအမံများကို ဖြည့်စွက်တင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး အချောသတ်လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးစေရေးနှင့် ကျော–ဥမင်–ရေမျက်နီရထားလမ်းပိုင်း ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေး အစွမ်းကုန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးတို့သည် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် သာကေတ ဓာတ်အားပေး စက်ရုံသို့ရောက်ရှိရာ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က သာကေတစက်ရုံတွင် အသစ်လဲလှယ်ရန်ဖြုတ်ယူထားသော Fuel Nozzle များ၊ Cross Fire Tube နှင့် Combustion Liner များ၊ Combustion Liner အတွင်းမှ ချော်ခဲများကို ရှင်းလင်းပြသရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို ထိခိုက်မှုမရှိစေဘဲ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အသစ်လဲလှယ်ရမည့် စက်အစိတ်အပိုင်းပစ္စည်းများကို အမြန်ဆုံးလဲလှယ်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံရှင်းလင်းခန်းမ၌ တာဝန်ရှိသူများက သာကေတစက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းထားမှု၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း အမျိုးအစားနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံ Gas Station သို့ရောက်ရှိပြီး စက်စွမ်းအား အပြည့် အဝလည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်နေမှု၊စက်ရုံအမှတ်(၁) စက်၌ First Stage Nozzle အသစ်များလဲလှယ် ဆောင်ရွက်နိုင်ရန် ကြံ့ခိုင်ရေး ဆောင်ရွက်မှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှော်ကား ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး Gas Station အတွင်း စက်လည်ပတ်မှု မထိခိုက်စေရန် သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်က ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်း၌ သဘာဝဓာတ်ငွေ့သန့်စင်မှုတ်ထုတ်မှု၊ထိန်း/ဖြန့် Control Room ၌ သဘာဝ ဓာတ်ငွေ့ လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံ ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးသိန်းဇော်က စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့် Filter အသစ်များကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး စွမ်းအင်ဝန်ကြီးဌာန သဘာဝဓာတ်ငွေ့ ပိုက်လိုင်း အထွေထွေမန်နေဂျာ ဦးဝင်းမြင့်က သဘာဝဓာတ်ငွေ့ပိုက်လိုင်း အတွင်း သန့်ရှင်းရေးဆောင်ရွက်မည့် အခြေအနေများကိုအသေးစိတ်ရှင်းလင်း တင်ပြပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးက သဘာဝဓာတ်ငွေ့ပိုက်လိုင်းသန့်စင်မှုဆောင်ရွက်ရာတွင် အပိုင်းလိုက် ပိုက်လိုင်းများ သန့်စင်ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့သန့်စင်ခြင်းလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ရာတွင် စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုတို့ကို ထိခိုက်မှုမရှိစေရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် အစီအစဉ်များ အသေးစိတ်တင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားမြင့်မား တိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းဘေးရှိ 230 KV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိသည်။ Switch Gear Room ၌ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူး ဦးကျော်ခိုင်ထွန်းက 230 KV မြောင်းတကာ ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံ ရရှိမှုနှင့် ဖီဒါများ အလိုက်ဓာတ်အားဖြန့်ဖြူးမှုများကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဓာတ်အားခွဲရုံမှူး ဦးကျော်ခိုင်ထွန်းက ပင်မခွဲရုံတည်နေရာနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု၊ ခွဲရုံတည်ဆောက်မှု၊ ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံချက်များအရ ဖြစ်ပေါ်လာမည့် ဓာတ်အားစနစ် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး Switch Yard အတွင်း 230 KV လှိုင်သာယာ-ရေကြည် (အသုတ်) ဓာတ်အားလိုင်းဆက်သွယ်ဆောင်ရွက်မှုနှင့် 33 KV ဖီဒါ ခုနစ်ခု ဖြန့်ဖြူးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ အနောက် 230 KV လှိုင်သာယာ-ရေကြည် (အသုတ်) ဓာတ်အားလိုင်းတည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ကြိုးဆွဲကြိုးတင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တန်းရှင်းတာဝါတိုင် အမှတ်(၉၄)၌ လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ရေး၊ လုပ်ငန်းများ ဆောင်ရွက်မှုအချိန်မီပြီးစီးရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် ဝေဇယန္တာလမ်း အမှတ်(၇၀)နေ ဦးထွန်းကြည်(၆၈)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးထွန်းကြည်-ဒေါ်သီလှိုင် (ရွှေဟသ်ာသစ်ရောင်းဝယ်ရေး)မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဆိပ်ကြီးခနောင်တို ပြည်သူ့ဆေးရုံ စစ်ဆေး လူနာများကို ထောက်ပံ့ငွေများ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါလျက် ဆိပ်ကြီးခနောင်တို အရှေ့အရပ်ရှိ ဘုန်းတော်ဘို့ ဆုတောင်းပြည့် စေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုပြီး ဓမ္မပီတိကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တသောဘိတအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးကြီးကြပ်မှုဖြင့် ဆိပ်ကြီးခနောင်တို အရှေ့ရပ်ကွက် မင်္ဂလာသီရိလမ်း လမ်းအရှည်ပေ ၁၈၀၀၊ အကျယ်ရှစ်ပေနှင့် ဆိပ်ကြီးခနောင်တို အနောက်ရပ်ကွက် မြို့ပတ်လမ်းသို့ တိုက်ရိုက်ဖောက်လုပ်ထားသောပိတောက်မြိုင်(၅)လမ်း လမ်းအရှည်ပေ ၇၀၀၊ အကျယ်ရှစ်ပေ လမ်းပြုပြင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့ငွေများပေးအပ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်သည်ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ အလှူရှင် ဟာဂျီ ဦးတင်မောင်သန်းလှူဒါန်းသော ခွဲစိတ်ခန်းအတွင်း ကြွေပြားခင်းကျင်းပြီးစီးမှုနှင့် ဆေးရုံရှိ ဆေးသိုလှောင်ခန်းနှင့် အမျိုးသား၊ အမျိုးသမီးလူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ဆေးဝါး ကုသနေသည့် လူနာများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသော ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြား သည်။

အလှူငွေပေးအပ်

ယင်းနောက် အလှူငွေပေးအပ်ပွဲကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးကြီးမောင်ပါ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်တင် (FARMER ဖိုးရာဇာကုမ္ပဏီလီမိတက်)က ငွေကျပ်ဆယ်သိန်း၊ ဂရိတ်ဝေါ ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ဦးရန်နိုင် (အခွန်ဂိတ်)က ငွေကျပ်ငါးသိန်း၊ဦးသန်းလွင် နွေဇာပုလဲမွေးမြူရေးကုမ္ပဏီက ငွေကျပ်သုံးသိန်းသုံးသောင်း၊ ဦးအောင်သန်းဦး ဥက္ကဋ္ဌ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်သုံးသိန်းအပါအဝင် အလှူရှင် ၂၃ ဦးတို့က အလှူငွေကျပ်သိန်း၅၀ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအတွက် ဇန်နဝါရီ ၁၁ ရက်က မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူး ဒေါက်တာမြင့်ဦး၊ ဇနီး ဒေါ်ပြုံးကြည် (အငြိမ်းစား၊ ဗိုလ်ကြီး)၊ သမီး ဒေါက်တာခိုင်ဝေသွယ်ဦး၊ ဒေါက်တာထက်နေလင်းဦး မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်က လက်ခံရယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘက်စုံမွမ်းမံ ပြုပြင်ခြင်း လုပ်ငန်းများနှင့် တောင်တက် မော်တော်ကားလမ်းတို့အတွက် အမှတ် ၈၉၉၊ ပင်လုံလမ်း (၃၆) ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ အလှူရှင် ဒေါ်တင်တင်၏ (၈၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို သားသမီး၊ မြေး၊ မြစ် မိသားစုတို့က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ အကျိုးတော်ဆောင် ဦးဆန်းထံ လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာ သိကောင်းစရာများရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၄

အခွန်ဆိုင်ရာ သိကောင်းစရာများကို အခွန်ထမ်းပြည်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရန် မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းက မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းအောင်၊ မော်လမြိုင် မြို့နယ်ဦးစီးဌာနဦးစီးမှူး ဦးအေးကြူနှင့်ဝန်ထမ်းများ၊ မော်လမြိုင်မြို့နယ်ရှိ ပွဲရုံလုပ်ငန်းရှင်များ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများ၊ စားသောက်ဆိုင် လုပ်ငန်းရှင်များနှင့် စက်မှုဇုန်ရှိ ပြည်ပသွင်းကုန် အစားထိုး လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှင်းလင်းပွဲတွင် ပြည်နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာ သိကောင်းစရာများနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အကျုံးဝင်သည့် လုပ်ငန်းရှင်များအား ထားရှိရမည့် ပြေစာ၊ မှတ်တမ်းစာအုပ်များ အကြောင်းကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အခွန်ထမ်းများက သိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်အခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အခွန် ဦးစီးဌာနမှူးတို့က ဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ကို ဆွဲကိုင်လှုပ်ရမ်းခဲ့သော ဟိုဆေးမော်ရင်ဟိုအကြောင်း တစေ့တစောင်း

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၁၄

အေးစက်သည့် မျက်လုံးများ၊ ခက်ထန်တင်းမာသော မျက်နှာဟန် အမူအရာနှင့် ပြောင်မြောက်သော နည်းစနစ်ဗျူဟာများဖြင့် ပရီမီယာလိဂ်ကို ကိုင်လှုပ်ခဲ့သော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ကလပ်ဘောလုံးအသင်း နည်းပြများ၌ နာမည်အကျော်ကြားဆုံး ဖြစ်ခဲ့သူတစ်ဦးဖြစ်သည်။

မော်ရင်ဟို ပရီမီယာလိဂ်ကို ခြေချသည့်အချိန်သည် ၂၀၀၄-၂၀၀၅ ပရီမီယာလိဂ် ဘောလုံးရာသီ။ ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ယူချိန်၌ပင် ပရီမီယာလိဂ်ဖလားနှင့် နှစ်ပေါင်း၅၀ ကင်းကွာနေခဲ့သော ချယ်လ်ဆီးအသင်းကို နတ်ရေကန်ထဲ ချလိုက်သည့်အလား ဆုဖလားယူဆောင်ပေးနိုင်ခဲ့သည်။

ဖလားရယူ

“**ဘောလုံးအသင်းတစ်သင်း အောင်မြင်မှုရဖို့ဆိုတာ နည်းပြက အရေးအကြီးဆုံးပါ**”ဟု ပြောကြားခဲ့သည့်အတိုင်း ချယ်လ်ဆီးအသင်းကို စိတ်ကြိုက်ပြုပြင် တည်ဆောက်ခဲ့သည်။ ထို့ကြောင့်ပင် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ချယ်လ်ဆီးအသင်းသည် ဒုတိယနေရာမှ အာဆင်နယ်ထက် ၁၂မှတ်အသာဖြင့် ပြတ်ပြတ်သားသား ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုနှစ်၌ ဘောလုံးသမားဝယ်ယူခဲ့သည့် ငွေကြေးမှာ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ၂သန်း ရှိခဲ့လေသည်။

ထို့အတူ ၂၀၀၅-၂၀၀၆ ဘောလုံး ရာသီတွင်လည်း ချယ်လ်ဆီးအသင်းက ဒုတိယနေရာမှ မန်ယူအသင်းထက် ရှစ်မှတ်အကွာဖြင့် ဒုတိယအကြိမ်မြောက် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးခဲ့ပြန်သည်။ ထိုသို့ ဖလားရရှိရန် ချယ်လ်ဆီးကလပ်ပိုင်ရှင်အေဘရာမိုဗစ်ချ်အိတ်ထဲမှ ဘောလုံးသမား ဝယ်ယူမှုအတွက် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၄ သန်း ခုန်ထွက်ခဲ့ပြန်သည်။

ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ဘူလာရဇ်၊ အက်ရှ်လေကိုး၊ဘောလက်၊ ရှက်ဗ်ချင်ကိုနှင့် မီးခေးလ်တို့ကို ဝယ်ယူခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၅၆ သန်း ကုန်ကျခဲ့သည်။ နှစ်နှစ်ကျော်ကာလအတွင်း ချယ်လ်ဆီးအတွက် မော်ရင်ဟို ပရီမီယာလိဂ်ဖလား နှစ်လုံးရယူပေးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ဖလားရရှိရန် လိုအပ်နေဆဲဖြစ်သည်။ ချယ်လ်ဆီးသို့ မော်ရင်ဟိုရောက်ပြီး ချန်ပီယံလိဂ်တွင် အမြင့်ဆုံးရရှိသည့်ရလဒ်မှာ အကြိုဗိုလ်လုပွဲပင်ဖြစ်ရာ အေဘရာ မိုဗစ်ချ်၏ အလိုချင်ဆုံးဆန္ဒကို မော်ရင်ဟို မဖြည့်ဆည်းနိုင်သေးချေ။ မော်ရင်ဟို ချယ်လ်ဆီးရောက်ရှိလာပြီး ဘောလုံးသမားများအတွက် ဒေါ်လာငွေ ၂၆၈



မော်ရင်ဟိုတစ်ယောက် ဤသို့ လက်မထောင်နိုင်ပါမည်လား။

သန်းကျော် ကုန်ကျခဲ့ခြင်းသည် ချန်ပီယံလိဂ်ဖလား ရသင့်သည်ဟု အေဘရာမိုဗစ်ချ် မှတ်ယူခဲ့လေသည်။

ပရီမီယာလိဂ်၌ အတော်ဆုံးနည်းပြအဖြစ် ရေပန်းစားခဲ့သော မော်ရင်ဟိုတစ်ယောက် ယခုနှစ်ဘောလုံးရာသီ၌ အခက်အခဲများနှင့် ကြုံတွေ့ဖြတ်သန်းနေရလေပြီ။ ချန်ပီယံ

အေးစက်သောမျက်လုံးပိုင်ရှင် မော်ရင်ဟို။

လိဂ်ဖလားကို မျှော်လင့်နေသော အေဘရာမိုဗစ်ချ်အတွက် လက်ထဲမှ ပရီမီယာလိဂ်ဖလားပင် ခုန်ထွက်တော့မည့် အနေအထား ရောက်ရှိနေပြီ ဖြစ်သည်။ လက်ရှိအချိန်၌ မန်ယူသည် ချယ်လ်ဆီးထက် ခြောက်မှတ်အသာဖြင့် ပရီမီယာလိဂ်ဖလားကို လုယူရန်ဟန်ပြင်နေပြီဖြစ်ရာ မော်ရင်ဟိုနှင့် အေဗရာမိုဗစ်ချ်တို့ နှစ်ဦးစလုံး ရတက်မအေးဖြစ်လျက်ရှိသလို အမြင်ကြည်လင်မှုများလည်း ဝေဝါးသလို ဖြစ်နေရပြီဖြစ်သည်။

စိတ်ပျက်

ထိုသို့သောအချိန်တွင် ဆောင်းရာသီကာလအတွင်း ရမှတ်လိုအပ်နေသော ချယ်လ်ဆီးသည် အိမ်ကွင်း၌ ဖူလ်ဟမ်နှင့် နှစ်ဂိုးစီသရေပွဲဖြစ်ပြီး လူသစ်တန်း ရက်ဒင်းကိုလည်း မိမိကွင်း၌ပင် နှစ်ဂိုးစီသရေပွဲများ ဖြစ်ခဲ့သဖြင့် အေဗရာမိုဗစ်ချ် စိတ်ပျက်ခဲ့ရလေသည်။

မော်ရင်ဟို၏ ဗျူဟာအခင်းအကျင်းနှင့် ဘောလုံးသမားဝယ်ယူမှုတို့တွင် မည်သို့မျှဝင်စွက်ဖက်ခြင်း မရှိခဲ့သော အေဗရာမိုဗစ်ချ်သည် ချယ်လ်ဆီးဂိုးသမား ပီတာချက်၊ နောက်ခံလူ တယ်ရီတို့ ဒဏ်ရာများရရှိနေချိန်နှင့် နောက်ခံလူ ဝီလျှံဂါးလက်စ်နေရာတို့တွင် အလျင်အမြန် အစားမထိုးနိုင်ခဲ့မှုအပေါ် မော်ရင်ဟိုအား ဝေဖန်မှုပြုလာခဲ့သည်။ တစ်ဖန် မော်ရင်ဟို စိတ်ကြိုက်ခေါ်ယူခဲ့သော ရှက်ဗ်ချင်ကိုနှင့် ဘောလက်တို့ကလည်း အကောင်းဆုံးစွမ်းရည် မပြနိုင်ခဲ့သဖြင့် မော်ရင်ဟိုအပေါ် ထိုးနှက်ချက်တွေ ဖြစ်စေခဲ့ပြန်သည်။

ထို့ကြောင့် ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ၌ ဘောလုံးသမား ဝယ်ယူဖြည့်တင်းမည့် မော်ရင်ဟို၏ အစီအစဉ်ကို အေဗရာမိုဗစ်ချ် ကန့်သတ်လိုက်တော့သည်။ ထို့အတူ ပြီးခဲ့သည့်နှစ် ဧပြီလက ရုရှားဘောလုံးအသင်းနည်းပြ ဆောင်ရွက်နေသော ဂူဟစ်ဒင့်ကိုလည်း ချယ်လ်ဆီးအသင်းအတွက် အေဗရာမိုဗစ်ချ်က ဆက်သွယ်နေပြီဆိုသည့် သတင်းများ ထွက်ပေါ်လာခဲ့လေသည်။

သရေပွဲဖြစ်

ထိုသို့ပြဿနာများနှင့် ကြုံတွေ့နေရသော မော်ရင်ဟိုအတွက် နောက်ထိုးနှက်ချက်တစ်ခုမှာ ကားလင်းဖလား အကြိုဗိုလ်လုပွဲတွင် အသင်းငယ်တစ်သင်းဖြစ်သည့် ဝိုင်ကွမ်ဘီနှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။ သရေပွဲများနေသော မော်ရင်ဟိုမှာ ပြိုင်ပွဲရလဒ်များနှင့် ပတ်သက်၍ ဘောလုံးသမားများအပေါ် အပြစ်ပုံချခဲ့သဖြင့် ချယ်လ်ဆီး ဘောလုံးသမားများလည်း ခံပြင်းစိတ်များ ဖြစ်ပေါ်ခဲ့ရသည်။

အက်ကြောင်းထင်

သို့သော် ချယ်လ်ဆီးအသင်း၏ ရပ်တည်မှုနှင့် ပတ်သက်ပြီး မော်ရင်ဟိုက “**ပရီမီယာလိဂ်မှာ မန်ယူကို အချိန်မရွေး ကျော်ဖြတ်နိုင်တယ်၊ ကားလင်းဖလားမှာလည်း ဗိုလ်လုပွဲရောက်တော့မယ်၊ ချန်ပီယံလိဂ်မှာ ၁၆သင်း ဝင်နေပြီ၊ အက်ဖ်အေဖလားမှာလည်း အခြေအနေကောင်းနေပါတယ်။ ဘာပြဿနာမှမရှိဘူး**” လို့ ပြောနေသော်လည်း ချယ်လ်ဆီးအသင်း ဘုတ်အဖွဲ့နှင့် မော်ရင်ဟိုတို့ ဆက်ဆံရေးမှာ အက်ကြောင်းထင်ခဲ့ပြီ ဖြစ်သည်။

ဝမ်းနည်းဖွယ်

မော်ရင်ဟို၏ အနာဂတ်နှင့် ပတ်သက်၍ ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာက “**မော်ရင်ဟို ချယ်လ်ဆီးအသင်းမှ ယခုနှစ်အကုန်တွင် ထွက်ခွာရန်စီစဉ်နေကြောင်း၊ မော်ရင်ဟိုကို ချယ်လ်ဆီးတို့ဆုံးရှုံးရလျှင် အသင်းအတွက် နစ်နာမည်ဖြစ်ပြီး အလွန်ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း**” ပြောကြားခဲ့သည်။

ထို့အတူ မန်ယူနည်းပြ ဖာဂူဆန်ကလည်း “**မော်ရင်ဟို ချယ်လ်ဆီးအသင်းကို ကျောခိုင်းသွားခဲ့လျှင် မိမိ စိတ်မကောင်းဖြစ်မိကြောင်း၊ သူ့အသင်းနှင့် ပွဲတိုင်းယှဉ်ပြိုင်ရခြင်းမှာ စိတ်လှုပ်ရှားပျော်ရွှင်စရာကောင်းကြောင်း၊ မော်ရင်ဟိုသည် နည်းပြကောင်းတစ်ဦးဖြစ်ကြောင်း**” ပြောကြားခဲ့လေသည်။ ထို့အပြင် ဖူလ်ဟမ်နည်းပြ ခရစ်ကိုးလ်မင်းနှင့် နယူးကာဆယ်နည်းပြ ဂလင်းရိုဒါတို့ကလည်း အလွန်တော်သော ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်ကြောင်း ဖွင့်ဟခဲ့ကြသည်။

မော်ရင်ဟိုနှင့် ချယ်လ်ဆီးကလပ်တို့အကြား အသံများက ကျယ်လောင်စွာ ထွက်ပေါ်လာလျက်ရှိရာ ယခုနှစ်၌ ချယ်လ်ဆီးအသင်း မည်သည့်ဖလားရရှိမည်၊ ရာသီအကုန်၌ ချယ်လ်ဆီးကလပ်၌ မော်ရင်ဟိုဆက်ရှိ မရှိဆိုသည့်အကြောင်းကို တစေ့တစောင်း စုစည်းရေးသားတင်ပြလိုက်ပါသည်။

(ကိုးကား-အင်တာနက်သတင်းများ)

ဘက်ခမ်းအား ရီးရဲမက်ဒရစ်တွင် ကစားခွင့်မပေးတော့ အသင်းနည်းပြ ကာပယ်လို ထုတ်ဖော်ပြောကြား

ကိုးကားတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၁၄

ဒေးဗစ်ဘက်ခမ်းသည် မကြာမီက လော့စ်အိန်ဂျလိစ်အသင်း အယ်လ်အေဂလက်ဆီအသင်းနှင့် စာချုပ်ရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။

ကစားခွင့်

ယင်းကဲ့သို့ သဘောတူညီခဲ့ခြင်းကြောင့် ဒေးဗစ်ဘက်ခမ်းအား ရီးရဲမက်ဒရစ်အသင်းပြိုင်ပွဲတွင် ကစားခွင့်ပေးတော့မည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်အသင်း နည်းပြ ဖာဘီယိုကာပယ်လိုက ထုတ်ဖော်ပြောကြားလိုက်သည်။

လေ့ကျင့်ရုံသာ

ဘက်ခမ်းအား အသင်းတွင် လေ့ကျင့်ရုံသာ လေ့ကျင့်ခိုင်းမည်ဖြစ်ကြောင်း၊ ကစားခွင့်ပြုတော့မည်မဟုတ်ကြောင်း ကာပယ်လိုက ပြောကြားသည်။

ဘက်ခမ်းသည် ကြီးမားသော ကြေးစားဘောလုံးသမားအဖြစ် အခြားအသင်းသို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ မိမိတို့အတွက် အရေးမကြီးတော့ကြောင်း၊ အခြားအသင်းသို့ ပြောင်းရွှေ့စာချုပ်ရန်သာ အရေးကြီးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဘက်ခမ်းအား နည်းပြကာပယ်လိုက ကွင်းအတွင်းမှထွက်ပေးရန် ဤသို့ ပြောကြားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

စာချုပ်ချုပ်

အသက်(၃၁)နှစ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းသည် ဂလက်ဆီနှင့် ငါးနှစ်စာချုပ်ရန် သဘောတူညီထားရာ ပေါင်၁၂၈ သန်း တန်ဖိုးရှိ စာချုပ်ဖြစ်သည်။

မိမိအနေဖြင့် ဘက်ခမ်းအား အသင်းမှထွက်ခွာရန်သာ လိုလားကြောင်း၊ မိမိတို့အလိုမရှိတော့ကြောင်း ကာပယ်လိုက ထပ်လောင်းပြောကြားသည်။

ဂလက်ဆီက ဘက်ခမ်းအား လာမည့် ဧပြီလတွင် ကယ်လီဖိုးနီးယားသို့ လာရောက်ရန် ခေါ်ယူဖွယ်ရှိသည်။

မေးသင့်

ဘက်ခမ်း၏အဆိုပါစာချုပ် အပြီးအပြတ် မချုပ်ဆိုမီ ဘာနေဗျူးမှ ထွက်ခွာမည်၊ မထွက်ခွာမည်ဆိုသည့် မေးခွန်းကိုလည်း ဘက်ခမ်းကိုသာ မေးသင့်ကြောင်းလည်း ကာပယ်လိုက ဆိုသည်။

ပါဝင်ကစားခွင့်

ကာပယ်လိုသည် ဘက်ခမ်းအား ယခုနှစ် စပိန်လာလီဂါတွင် ပထမပွဲအစ ပြိုင်ပွဲ၌ ငါးပွဲသာ ပါဝင်ကစားခွင့် ပေးခဲ့သည်။ **(အင်တာနက်)**

ဘာစီလိုနာတို့ အက်စ်ပန်းညိုကို ရှုံးနိမ့်ခဲ့သော စပိန်လာလီဂါ ပွဲစဉ် (၁၇) နှင့် (၁၈)

မက်ဒရစ် ဇန်နဝါရီ ၁၄

စပိန်လာလီဂါဘောလုံးပွဲစဉ်(၁၇) လက်ကျန်ပွဲနှင့် ပွဲစဉ်(၁၈)ကို ဇန်နဝါရီ ၁၃ရက်က ဆက်လက်ကစားရာ အက်စ်ပန်းညိုက နာမည်ကြီး ဘာစီလိုနာကို အနိုင်ရပြီး ဗလင်စီယာနှင့် လီဗန်တေးတို့ပွဲတွင် ဗလင်စီယာက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်စ်ပန်းညိုနှင့် ဘာစီလိုနာ

လာလီဂါ၌ ခြေစွမ်းပြပြီး နိုင်ပွဲများ ဆက်တိုက်ရနေသော အက်စ်ပန်းညိုတို့ ဘာစီလိုနာကို မိမိကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ အက်စ်ပန်းညိုသည် ၄-၄-၂ ပုံစံဖြင့် ခင်းကျင်းပြီး တိုက်စစ်တွင် တာမူဒိုနှင့် လူးရစ်ဂါစီယာတို့ကို ထားရှိခဲ့သည်။ ကွင်းလယ်ကစားကွက်ကို ပီနာ၊ ဟော်တာဒို၊ ရေးနာနှင့် ရူဖီတေး တို့က စိုးမိုးနိုင်ခဲ့မှုကြောင့် ပထမပိုင်းပွဲချိန် ၃၁မိနစ်၌ တိုက်စစ်မှူး လူးရစ်ဂါစီယာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘာစီလိုနာတို့ကလည်း ၄-၄-၂ ဗျူဟာဖြင့် ခင်းကျင်းပြီး တိုက်စစ်တွင် ရော်နယ်ဒင်ဟိုနှင့် ဂုတ်ဂျွန်ဆင်တို့အား ထားရှိကာ ထိုးဖောက်ကစားစေခဲ့သည်။ ရော်နယ်ဒင်ဟိုနှင့် ဂုတ်ဂျွန်ဆင်တို့ အက်စ်ပန်းညိုနောက်တန်းကို (၁၂)ကြိမ် ထိုးဖောက်ကစားကာ အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ် မသေချာမှုနှင့် အက်စ်ပန်းညိုဂိုးသမား ကားလို့စ်ကာမီနီက လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်းကြောင့် ပထမပိုင်း ချေပဂိုး မသွင်းနိုင်ခဲ့ချေ။

ချေပဂိုး

ဘာစီလိုနာတို့ ဒုတိယပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှုများဖြင့် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် မိနစ် ၆၀၌ ယူဒိုဗစ်အစားဝင်ကစားသည့် ဆာဗိုရိုလာက ချေပဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ ဖြစ်နေခဲ့သည်။

သို့သော် ပွဲချိန် ၆၅ မိနစ်၌ အက်စ်ပန်းညို တိုက်စစ်မှူး တာမူဒိုက တစ်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန်မိနစ် ၉၀ ၌ အက်စ်ပန်းညို ကွင်းလယ်ကစားသမား ရူဖီတေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် အက်စ်ပန်းညိုတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဗလင်စီယာနှင့် လီဗန်တေး

ပွဲစဉ် ၁၈အဖြစ်ကစားသော ဗလင်စီယာတို့ အိမ်ကွင်း၌ ဂိုးပြတ်သွင်း အနိုင်ယူခဲ့သည်။ ဗလင်စီယာတိုက်စစ်မှူးများဖြစ်သည့် ဒေးဗစ်ဗီလာ၊ ဖာနန်ဒိုနှင့် အင်ဂူလိုတို့က လီဗန်တေးနောက်တန်းကို အချိန်ပြည့် ထိုးဖောက်ကစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားသော ဗလင်စီယာတို့ ဒုတိယပိုင်းတွင် ကစားရှိန်မြှင့်တင်ခဲ့ရာမှ ပွဲချိန် ၅၂ မိနစ်တွင် ဟူရိုဗီရာနာက တစ်ဂိုး၊ ပွဲချိန် ၅၆ မိနစ်တွင် ဖာနန်ဒိုမိုရီယန်တက်စ်က တစ်ဂိုးနှင့် ပွဲချိန် ၇၉ မိနစ်တွင် ရောဘတ်တိုအယာလာက တစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဗလင်စီယာတို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ။ **(အင်တာနက်)**

အက်စ်ပန်းညိုနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်ဒင်ဟို (ယာ) **ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

လိုက်လှဲစွာဝမ်းမြောက်ကြောင်း

ဦးမြတ်ဦး(နာယက လမ္မတ္တာမြို့နယ်အသင်း)

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်
ဗဟိုအလုပ်အမှုဆောင်(အစိုးရခန့်) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်
နာယက ကဏန်းလုပ်ငန်းရှင်များအသင်း

ဦးမြတ်ဦး လူမှုထူးချွန် (တတိယဆင့်)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၀၇)ဖြင့် ဂုဏ်ထူးဆောင် **လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)** တိုးမြှင့်အပ်နှင်းချီးမြှင့်ခြင်း ခံရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ပြုအပ်ပါကြောင်း။

နိုင်ငံတော်အကျိုး၊ ဘာသာ၊ သာသနာတော်အကျိုး၊ လူမှုရေးအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးရွှေ (တောင်သူဆားစက်)၊ ဦးစိုးမောင်၊ ဦးစိန်မြင့်၊ ဦးကံမြင့် (K.M ဆားစက်)၊
ဦးလှသန်း၊ ဦးဝင်းမြင့်၊ ဦးကျင်ဆန်း (ပြင်စလူမြို့၊ ဧရာဝတီတိုင်း)။

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာဖတ်ခန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၄

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇန်နဝါရီ ၁၃ရက် နံနက်၁၀နာရီက ရေတာရှည်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အသင်းအဖွဲ့မှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်နှင့် ရေတာရှည်ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဖွင့်လှစ်ပြသ

ဆက်လက်၍ ရေတာရှည်ရပ်ကွက်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ အမျိုးသမီးရေးရာအဖွဲ့ရုံးတို့တွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန်ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်း ကျင်းဝင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် ဇန်နဝါရီ၁၃ရက် ညနေ ၄ နာရီက ကစားဖော်များဖြစ်သော Col; ဦးစိုးဝင်း၊ ဦးဝင်းဦးတို့နှင့် အတူ ဂေါက်သီးရိုက် ကစားရာ ဦးသန်းထွန်း (ဖိုးလူ)သည် ကျင်းအမှတ် (၁၁)ကို ၁၆၂ကိုက်အကွာမှ Titleist Pro V1 ဘောလုံးကို MIZUNO T ZUIT IRON(9)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ရပ်ကွက်အတွင်းက ဆေးရွက်ကြီးလုပ်ငန်း ပြောင်းရွှေ့ပေးစေချင်

စာတည်းရှင့်–

ပဲခူးမြို့ ရုံးကြီးရပ်ကွက် ပြည်တော်သာ(၂)လမ်းရှိ အိမ်တစ်အိမ်တွင် ဆေးရွက်ကြီးသိုလှောင်ပြီး နေအိမ်အတွင်း၊ လမ်းအတွင်း တွင် ဆေးရွက်ကြီးများကို နေလှန်းခြင်း၊ ထုပ်ပိုးရောင်းချခြင်း လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ နေ့စဉ်ဆေးရွက်ကြီး အနံ့ဆိုးများ၊ ဆေးမှုန်များ ရှူရှိုက်နေရပါ၍ ကျန်းမာရေး ထိခိုက်နေရပါသဖြင့် အဆိုပါလုပ်ငန်းအား သက်ဆိုင်ရာမှ သင့်လျော်ရာ နေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသူ

သာဂရက အိတ်ချိန်းဖုန်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့ရှိ အိမ်သုံးတယ်လီဖုန်းအချို့သည် အိတ်ချိန်းသို့ခေါ်မရသည်မှာ တစ်နှစ်ကျော်ကြာနေပြီဖြစ်ရာ အမြန်ဆုံး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဖုန်းလိုင်းကောင်းစေလိုသူ

အမှိုက်များ ပုံမှန်ရှင်းလင်းသယ်ယူပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းအလယ်ရှိ အမှိုက်ပုံမှ အမှိုက်များကို ပုံမှန်သိမ်းဆည်းခြင်းမပြုလုပ်သည့်အတွက် ပတ်ဝန်းကျင်နေ ပြည်သူများ နေ့စဉ်နှင့်အမျှ အနံ့ဆိုးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ အမှိုက်များ ပုံမှန်သိမ်းဆည်းပေးပါရန် တင်ပြအပ်ပါသည်။

အမှိုက်ပုံနံ့မခံနိုင်သူ

ရပ်ကွက်အတွင်းမှ မုန့်ဟင်းခါးဖို ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဒေဝဒဟလမ်းရှိ မုန့်ဟင်းခါးဖိုတစ်ဖိုသည် နေ့ရောညပါ ဆူညံစွာ လုပ်ငန်းလုပ်ကိုင်ပြီး စည်းကမ်းမဲ့စွာ အညစ်အကြေးများ စွန့်ပစ်နေပါသဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေးထိခိုက်နေရပါ၍ စည်းကမ်းတကျ လုပ်ကိုင်နိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ဥက္ကလာသား

ဝက်သားကင် ညှော်နံ့ ပတ်ဝန်းကျင်က မခံနိုင်

စာတည်းခင်ဗျား–

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ရွာသစ်(၁)လမ်းရှိ နေအိမ်တစ်အိမ်သည် ဝက်သားကင်လုပ်ငန်းကို လုပ်ကိုင်နေသဖြင့် ပတ်ဝန်းကျင် နေအိမ်များ ညှော်နံ့များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရပြီး ကျန်းမာရေး ထိခိုက်ရကာ ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်လည်း အလွန်စိုးရိမ်နေရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

လမ်းမပေါ်က ဈေးသည်များ ဈေးအတွင်းရောင်းချစေချင်

စာတည်းခင်ဗျား–

မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ် အောင်မင်္ဂလာလမ်းမကြီးပေါ်ရှိ ကျူးကျော်ဈေးသည်များသည် ဆိုင်ခန်း၊ ဆိုင်ခုံများဖြင့် သား၊ ငါး၊ အသီးအရွက်များကို လမ်းပိတ်ရောင်းချပြီး အညစ်ကြေးရေများကိုလည်း အနီးပတ်ဝန်းကျင်မှာပင် စွန့်ပစ်ခဲ့သဖြင့် ပတ်ဝန်းကျင်နေအိမ်များမှာ ၎င်း အနံ့ဆိုးများ၊ ခြင်၊ ယင်အန္တရာယ်များကို ကြုံတွေ့နေရပြီး မီးဘေးအန္တရာယ်များကိုပါ စိုးရိမ်ထိတ်လန့်နေရပါသည်။ သို့ပါ၍ အဆိုပါ ဈေးသည်များအား ရွှေမြိုင်သီရိ ဈေးအတွင်းသို့ ပြောင်းရွှေ့ရောင်းချနိုင်ရေးစီစဉ်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

ရွှေမြိုင်သီရိသား

ရေခဲစက်က ဆူညံသံ နားမခံနိုင်

စာတည်းခင်ဗျား–

ရေးမြို့ သီရိခေမာရပ်ကွက် လျှပ်စစ်ခြံစုရှိ ရေခဲချောင်းစက်ရုံမှာ ယခုအခါ ပေါင် ၃၀၀တုံး ရေခဲတုံးကြီးများအား စက်ကြီးများဖြင့် ၂၄နာရီ လည်ပတ်နေပါ၍ ၎င်းစက်သံကြောင့် အနီးပတ်ဝန်းကျင်နေ ပြည်သူများ ညဘက်အိပ်မရဘဲ ကျန်းမာရေးထိခိုက်ရပါသဖြင့် ထိုစက်ရုံအား သင့်တော်သောနေရာသို့ ပြောင်းရွှေ့ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အိပ်ရေးပျက်ရသူ

တရားမဝင် ဓာတ်ဆီအရောင်းဆိုင် အမြန်ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် အနောက်ရန်ကင်း ရန်ရှင်းလမ်း တိုက်အမှတ် ၃၆၆ နှင့် ၃၆၇ ကြားရှိ ဓာတ်ဆီအရောင်းဆိုင်သည် တရားဝင်ဆိုင်ပမာ ဓာတ်ဆီများကို ဗြောင်ကျကျ သိုလှောင်ရောင်းဝယ်မှုပြုလုပ်နေသည့်အတွက် တိုက်မိသားစုများအနေဖြင့် မီးဘေးအန္တရာယ်ကို နေ့စဉ်စိုးရိမ်သောကရောက်လျက်ရှိပါသည်။

တရားမဝင် သိုလှောင်ရောင်းဝယ်လျက်ရှိသော ယင်းဓာတ်ဆီအရောင်းဆိုင်ကို သက်ဆိုင်ရာမှ အမြန်ဆုံးအရေးယူ ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ရန်ကင်းမောင်

အကြော်ဆိုင် အညှော်နံ့ ရှင်းလင်းပြီးစီး

(၂၀-၁၁-၂၀၀၆)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၁၈ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းရှိ အကြော်ဆိုင် ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

လက်ဖက်ရည်ဆိုင်ဆောင်းဘောက်သံကြပ်မတ်ပြီး

(၂၀-၁၁-၂၀၀၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် **ဆွာမြို့ဈေးက လက်ဖက်ရည်ဆိုင် ဆောင်းဘောက်သံ အပြိုင်အဆိုင်ဖွင့်** ပေးစာနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ရေမြောင်း ပိတ်ဆို့မှုနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီး

(၂၀-၁၁-၂၀၀၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် **သဲတောမြို့ အရန်မီးသတ်တပ်ဖွဲ့ရုံးနှင့် မျက်နှာချင်းဆိုင်ရှိ ရေမြောင်းပိတ်ဆို့မှု** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ရှင်တစ်ထောင် ကျွတ်တမ်းဝင်ကြ ပြာသိုလ

ဦးကျော်စိန် (မန္တလေး)

ပြာသိုလသည် ဗုဒ္ဓသာသနာတော်နှင့်စပ်၍ မှတ်သားဖွယ်ကောင်းသော လတစ်လဖြစ်၏။ ပြာသိုလပြည့်နေ့ကို "ရှင်တစ်ထောင် အခါတော်နေ့" ဟု သတ်မှတ်ကြသည်။ ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာခြင်းသည် လည်းကောင်း၊ မြတ်စွာဘုရားရှင် တရားတော် ဟောကြားတော်မူခြင်းသည် လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ တပည့်သာဝကဖြစ်သော သံဃာရတနာ ပေါ်ထွန်းလာခြင်းသည် လည်းကောင်း၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ကောင်းကျိုးတရား တိုးပွားစေခြင်းငှာ ပွင့်ထွန်းပေါ်ပေါက်လာခြင်း ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သတ္တဝါတစ်ဦး၊ တစ်ယောက် ကျွတ်တမ်းဝင်ရန် အချိန်တန်ကြောင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် ထိုကျွတ်တမ်းဝင်ထိုက်သော သတ္တဝါရှိရာ နေရာဒေသသို့ ကြွရောက်တော်မူ၍ တရားဒေသနာ ဟောကြားတော်မူကာ သံသရာဝဋ်ဆင်းရဲအတွင်းမှ လွတ်ကင်းစေတော်မူသည်။ ဖြည့်ကျင့်၊ ဆည်းပူး၊ ပွားများအားထုတ်ပြီးသော ပါရမီကုသိုလ်ရှိကြသော ပုဂ္ဂိုလ်တို့သည်ကား မြတ်စွာဘုရားရှင်၏ တရားဒေသနာတော် ကြားနာရသဖြင့် သံသရာဝဋ်ဆင်းရဲအတွင်းမှ ကင်းလွတ်တော်မူကြသော ရဟန္တာ အရှင်သူမြတ်တို့သည်ကား အသင်္ချေ အနန္တ များပြားလှပေသည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါတွင်း ကာလတွင် ပဉ္စဝဂ္ဂီငါးဦးတို့၏ လုပ်ကျွေးပြုစုမှုကို ခံယူတော်မူကာ မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူ၏။ ဝါကျွတ်ကာလတွင် ဥရုဝေလ ကဿပ ရသေ့ညီနောင်တို့၏ တရားထူး ရလတ္တံ့သော အကြောင်းကို မြင်တော်မူ၍ ဥရုဝေလတောသို့ ကြွရောက်တော်မူသည်။ ထိုအချိန် အခါဝယ် ဥရုဝေလတော၌ အစ်ကိုကြီး ဥရုဝေလကဿပ ခေါင်းဆောင်သော ရသေ့ငါးရာ၊ အစ်ကိုလတ် နဒီကဿပ ဦးဆောင်သော ရသေ့သုံးရာ၊ ညီငယ် ဂယာကဿပ ခေါင်းဆောင်သော ရသေ့နှစ်ရာတို့ သုံးနေရာ ခွဲလျက် နေထိုင်ကြပြီး၊ ကိလေသာ ခေါင်းပါးရန်ဟု အကြောင်းပြ၍ မီးလှုံခြင်း၊ ရေငုပ်ခြင်းစသော အကျင့်များကို ကျင့်ကြံလျက်ရှိကြသည်။

မြတ်စွာဘုရားရှင်သည် ဥရုဝေလကဿပထံ ကြွတော်မူ၍ နေခွင့်တောင်းခံတော်မူရာ ကြမ်းတမ်းသည့် နဂါးကြီးရှိသော မီးတင်းကုပ်၌ နေထိုင်ခွင့်ပြုခဲ့၏။ မြတ်စွာဘုရားရှင်သည် တန်ခိုးတော်ဖြင့် နဂါးကြီးအား နှိမ်နင်းတော်မူ၍ မီးတင်းကုပ်၌ သီတင်းသုံးတော်မူရာ ဥရုဝေလကဿပသည် အလွန်အံ့ဩကာ "ဤရဟန်းကြီးသည် တန်ခိုးကြီး၏။ ကြမ်းတမ်းခက်ထန်သော နဂါးကြီးကို နှိမ်နင်းနိုင်ပေ၏။ ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာတည်း"ဟု အကြံဖြစ်၏။ မြတ်စွာ ဘုရားရှင်သည် ဥရုဝေလကဿပရသေ့ကြီးနှင့် ရသေ့အားလုံး တရားထူးရရန် အချိန်မတန်သေးသဖြင့် သည်းခံစောင့်ဆိုင်းကာ သီတင်း သုံးတော်မူ၏။ ညဥ့်ဦးယံသို့ ရောက်သောအခါ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ထက်ဝန်းကျင်မှ တောက်ပသော ကိုယ်ရောင်ကိုဖြစ်စေလျက် လေးမျက်နှာသော အရပ်တို့မှ မြတ်စွာဘုရားရှင်ထံ ခစားဖူးမြော်လာကြ၏။ နံနက်မိုးသောက်ရောက်သော ကာလ ဥရုဝေလကဿပသည် ဘုရားရှင်အထံသို့ ကပ်၍ "ရဟန်းကြီး-သင်၏ထံ၌ ညဥ့်ဦးယံက မီးပုံကြီးကဲ့သို့ တောက်ပသော ကိုယ်ရောင် ကိုယ်ဝါဖြင့် အရပ်လေးမျက်နှာမှနေ၍ လာကြသော သူတို့သည်ကား အဘယ်သူတို့နည်း" ဟု မေး၏။ ဘုရားသခင်ကလည်း "ကဿပ-ထိုလေးယောက်သော သူတို့ကား စတုမဟာရာဇ် နတ်မင်းကြီးတို့တည်း၊ ငါ့တရားကို ကြားနာခြင်းငှာ လည်းကောင်း၊ ငါ့ကို လုပ်ကျွေးခြင်းငှာ လည်းကောင်း၊ ဆည်းကပ်လာကုန်သတည်း"ဟု မိန့်တော်မူလျှင် "ရဟန်းကြီးကား တန်ခိုးကြီးပေ၏။ စတုမဟာရာဇ်နတ်မင်းကြီးတို့ပင် ဝပ်စင်းလာရပေသည်၊ ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာ"ဟု အကြံဖြစ်၏။ ဘုရားသခင်သည်လည်း ထိုအကြံကိုသိလျက် သည်းခံတော်မူ၏။

နောက်တစ်နေ့၌ သိကြားမင်းသည် ဘုရားရှင်ထံ ဝပ်စင်း ခစားလာပြန်၏။ နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားအား ရှေးနည်းအတူ မေးပြန်၏။ မြတ်စွာဘုရားသခင်ကလည်း "ကဿပ-ယမန်နေ့ ညဥ့်သန်းခေါင် အခါက ရောက်လာသောသူကား သိကြားမင်းတည်း၊ ငါ့တရားကို နာအံ့သောငှာ လည်းကောင်း၊ ဝတ်ကြီး ဝတ်ငယ် ပြုခြင်းငှာလည်းကောင်း ဆည်းကပ်လာသတည်း"ဟု မိန့်တော်မူလျှင် ဥရုဝေလကဿပက "ရဟန်းကြီးကား သိကြားမင်းပင် ခစားလာရပေသည်၊ တန်ခိုးအာနုဘော်ကြီးပေ၏။ ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာ"ဟု အကြံဖြစ်ပြန်၏။

နောက်တစ်နေ့၌ ညဥ့်အခါ ဗြဟ္မာမင်း ခစားလာသည်ကိုလည်း ရှေးနည်းမေး၍ အကြောင်းကို မိန့်တော်မူလျှင် ဤနည်းပင် အကြံဖြစ်ပြန်၏။

ထို့နောက်တစ်ဖန် မြတ်စွာဘုရားရှင်သည် ရသေ့ငါးရာတို့ခွဲ၍ မရသော ထင်းတုံးငါးရာကို တစ်ပြိုင်နက်ကွဲစေခြင်း၊ ရသေ့များ မီးမွှေး၍ မရသော မီးအိုးကင်း ငါးရာကို တစ်ပြိုင်နက် တောက်လောင်စေခြင်း၊ ရသေ့များ ငြိမ်းသတ်၍မရသော မီးအိုးကင်း ငါးရာကို တစ်ပြိုင်နက် ငြိမ်းစေခြင်း၊ မိုးကြီးသည်းထန်စွာရွာ၍ ရေလွှမ်းမိုးနေသော်လည်း မြတ်စွာဘုရားရှင် သီတင်းသုံးရာ နေရာဌာန၌ မြူမှုန်ထလျက် စင်္ကြံလျှောက်တော်မူပြီး စသည်ဖြင့် တန်ခိုးပြာဋိဟာ အမျိုးမျိုးပြတော်မူရာ၊ ဥရုဝေလကဿပက "ရှင်ကြီးဂေါတမကား ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိပေသည်။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော သူပါပေတည်း၊ သို့ရာတွင် ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာတည်း"ဟု အကြံဖြစ်ပြန်၏။

မြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာ ကာလ ဥရုဝေလတော၌ သီတင်းသုံးတော်မူလျက် ဥရုဝေလကဿပနှင့် ရသေ့များ ကျွတ်တမ်းဝင်မည့်အချိန်ကို စောင့်ဆိုင်းနေတော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလပြည့်နေ့၌ မိမိကိုယ်ကို မိမိအထင်ကြီးကာ ရဟန္တာဟု ထင်မှတ်နေသော ဥရုဝေလကဿပအား မြတ်စွာဘုရားရှင်က "ချစ်သား သင်၏ မာနကား ထောင်လွှား မြင့်စွင့်လေစွ၊ နေ၊ လတို့၏ အရောင်သည် ငါ့ကိုယ်ရောင်ကဲ့သို့ မလင်းဟု နေမင်းကို ဂုဏ်ပြိုင်သော ပိုးမိုက်ကဲ့သို့ မိမိသန္တာန်၌ ရှိသော ဉာဏ်အရောင်ကိုလည်း မချင့်၊ ကိုယ်၏အကျင့်ကိုလည်း မတွက်၊ မဂ်ဖိုလ်၏ အကြောင်းကိုလည်း မမြင်၊ သို့စင်မျှဖြစ်ပါလျက် ငါကဲ့သို့ ရဟန္တာမဟုတ်ဟူ၍ ယုတ်မာသောအကြံဖြင့်သာလျှင် သင်နေဘိ၏ တကား"ဟု မိန့်တော်မူသော် ဥရုဝေလကဿပသည် သတိသံဝေဂကိုရ၍ မြတ်စွာဘုရားခြေရင်း၌ ဝပ်စင်း၍ "အရှင်ဘုရား-အကျွန်ုပ်သည် အရှင့်ထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။

မြတ်စွာဘုရားရှင်က "ချစ်သား-သင်သည် ရသေ့အများကို သင်ကြား၊ ပြသ၊ ဆုံးမတတ်သော ဂဏပါမောက္ခ ဖြစ်ပေသည်။ ငါ့အထံ၌ ရဟန်းပြုလိုလျှင် သင်၏တပည့်များကို ပန်ကြားဦးလော့"ဟု မိန့်တော်မူ၏။ ဥရုဝေလကဿပသည် တပည့်တို့၏ အထံသို့ကပ်၍ စည်းဝေးပြီးလျှင် "အချင်းတို့-ငါသည် ရဟန်းဂေါတမထံ၌ အဆုံး၊ အမကိုခံ၍ မြတ်သောအကျင့်ကို ကျင့်လိုပြီ၊ ငါတို့ စာရိတ္တသည် မဂ်ဖိုလ်ရကြောင်း မဟုတ်ချေ၊ သင်တို့ကြံ အောက်မေ့ကြလော့"ဟု ဆို၏။ တပည့်တို့က "အကျွန်ုပ်တို့လည်း ရဟန်းကြီးထံ၌ အဆုံး၊ အမကိုခံ၍ ရဟန်းပြုလိုသည်ကား ကြာမြင့်ပြီ၊ ဆရာသည် အကယ်၍ ရဟန်းကြီးထံ၌ အဆုံး၊ အမကို ခံသည်ဖြစ်အံ့၊ အကျွန်ုပ်တို့လည်း အဆုံး၊ အမကို ခံပါအံ့"ဟု လျှောက်ကြ၍ တညီတညွတ်တည်း ဘုရားသခင်ထံ၌ ရဟန်းပြုရန် တောင်းပန်ကြ၏။

မြတ်စွာဘုရားရှင်သည် "ရဟန်းတို့ လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲအဆုံးကို ပြုခြင်းငှာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံကျိုးကုတ် အားထုတ်ကြကုန်လော့"ဟု ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခု ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် ဥရုဝေလကဿပရသေ့ကြီးနှင့်တကွ ငါးရာသော ရသေ့တို့သည် ဝါတော်(၆၀)ရပြီး မထေရ်ကြီးများပမာ မြတ်စွာဘုရားရှင်အား ရိုသေစွာ ရှိခိုးလျက် ရဟန်းပြုပြီးသားဖြစ်ကြလေတော့သည်။ ထို့နောက် နဒီကဿပနှင့် ရသေ့သုံးရာတို့သည်လည်းကောင်း၊ ဂယာကဿပနှင့် ရသေ့နှစ်ရာတို့သည်လည်းကောင်း၊ မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ ရောက်ရှိကြကာ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ခံယူခဲ့ကြသည်။ မြတ်စွာဘုရားရှင်သည် ဧဟိဘိက္ခုရဟန်းများဖြစ်ကြသည့် ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ပြာသိုလပြည့်နေ့ဝယ် ဂယာသီသ ကျောက်ဖျာပေါ်၌ "အာဒိတ္တပရိယာယ သုတ္တန် ဒေသနာတော်" ကို ဟောကြားတော်မူရာ ရဟန်းအားလုံး အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသည်။

သို့ဖြစ်ပါ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို လိုလားတောင်းတသော သူတော်ကောင်း အပေါင်းတို့သည် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို ဖြည့်ကျင့်၊ ဆည်းပူး၊ ပွားများ အားထုတ်နိုင်ကြပါစေကြောင်း တင်ပြရပါသည်။ ။

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော အရှည်ပေ၂၀၀၀၊ အကျယ် ၁၂ပေရှိ အထက ကျောင်းအနောက် ကျောက်လမ်းကတ္တရာတစ်ထပ်ခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဇန်နဝါရီ ၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားအကျဉ်းထောင်သားများ လိုအပ်ချက်ဖြည့်ဆည်း စားသောက်ဖွယ်နှင့် အသုံးအဆောင်များလှူဒါန်း

မြစ်ကြီးနား ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အကျဉ်းထောင်များမှ အကျဉ်းသူ၊ အကျဉ်းသားများ၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များ လိုက်ပါလျက် ဒီဇင်ဘာ၃၁ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားအကျဉ်းထောင်သို့သွားရောက်ပြီး အကျဉ်းထောင်ဆေးခန်းမ၌ အကျဉ်းသူ၊ အကျဉ်းသားများနှင့် တွေ့ဆုံပြီး ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အကျဉ်းသား၊ အကျဉ်းသူများ ကိုယ်စားအကျဉ်းသူနှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် အသင်းအတွင်းရေးမှူးနှင့် အကျဉ်းထောင်မှ တာဝန်ရှိသူများသည် အကျဉ်းသူ၊ အကျဉ်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံပြီး ၎င်းတို့၏ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့သစ်တောင်ပိုင်း အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အဆင့် စာပေဘာသာ၊ ကျောင်းလုပ်ငန်းနှင့် ဘက်စုံထူးချွန် ပထမဆုရ စတုတ္ထတန်းမှ မောင်စိုးရွှေနိုင်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ရွှေတောင်မြို့ တပ်သစ်တံတားကြံ့ခိုင်ရေး စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်

ရွှေတောင် ဇန်နဝါရီ ၂

ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ ရွှေတောင်မြို့နယ်တွင် ဒေသထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကျေးလက်လမ်းနှင့် တံတားများ ကြံ့ခိုင်ရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ရက်က ရွှေတောင်-ရွှေနတ်တောင် ကျေးလက်လမ်းပေါ်ရှိ တပ်သစ်တံတား ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိဦးထွန်းဇော်မိုး ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများအား ရည်စူး၍ ရန်ကုန်မြို့ အရှေ့ရန်ကင်း ရန်ကင်းမြို့နယ် (၂)ရပ်ကွက် ရန်အောင်လမ်းသွယ်(၁) တိုက်(၂၉၇) အခန်း(၉)နေ ဦးအောင်သန်း–ဒေါ်မြကြည် မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

ရေး ဇန်နဝါရီ ၁၂

မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ရက်က ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန် ကုန် တိုင်း

တာမွေမြို့နယ် ကျောက်မြောင်း အမှတ် ၂၉၇/၂၉၉ ဗညားဒလလမ်းနေ နှစ်ဖက်မိဘများ ရည်စူးပြီး ဒေါ်တင်တင်အား အမှူးထား၍ ဦးကျော်ညွန့်–ဒေါ်တင်လှ(လှထိပ်ခေါင် အထည်ဆိုင်)သား သမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရုပ်မြင်သံကြားပြစက်နှင့် ဗွီစီဒီစက် ပေးအပ်လှူဒါန်းပွဲ လင်းခေး၌ကျင်းပ

လင်းခေး ဇန်နဝါရီ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့သည် ဒီဇင်ဘာ ၂၄ရက်က လင်းခေးမြို့နယ် ပုန်းထွန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာ စာကြည့်တိုက်ခန်းမ၌ ရပ်ရွာပညာပဒေသာဌာနအတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဗွီစီဒီစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့်အဖွဲ့က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံနှင့် ကျေးရွာရှိ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအား အာဟာရစားစရာများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းမှူးက တာဝန်ရှိသူများအား အဆိုပါ ပုန်းထွန် ကျေးရွာကဲ့သို့ လင်းခေးမြို့နယ် ဒါးဆိပ်စံပြကျေးရွာနှင့် ဝမ်ဟတ်စံပြကျေးရွာ တို့တွင်လည်း ရပ်ရွာပညာပဒေသာဌာနများကို တိုးချဲ့ဖွင့်လှစ်သွားရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ဘုတ်ပြင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သပြေခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နီလာမြင့်က ဆုချီးမြှင့်စဉ်။ (မိခင်နှင့်ကလေး)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလပြည့်ကျော် ၁၄ ရက်
၁၆–၁–၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (လွင်မြင့်အောင် အင်ဒက်စရီရယ်၏ ISO 9001-2000 လက်မှတ်ရရှိခဲ့ပုံအကြောင်း)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ရဲမက် စစ်လက်နက်–ညွန့်ဟံ–ကြူတော)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ပျော်ပျော်နေကြရအောင်–ရန်)
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အတူတူစားတော့ မြိန်လှသည်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာ့ကြန်စုံနွား–မင်းသစ္စာလှိုင်–ကဒုံကနီ)
- ၁၃း၁၀ ပညာရေးအစီအစဉ် (သတ္တမတန်း–သင်္ချာ(၁) ထောင့်မှန်ကို ဩဒိနိတ် ပြင်ညီပေါ်တွင် အမှတ်များ နေရာချထားခြင်း)

ညနေပိုင်း

- ၁၆း၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
  - (၁) သတ္တုသိုက်တွေများများ ရှာမယ် (တေးပွင့်သီအဖွဲ့)
  - (၂) မှားလိမ့်မယ် (ပန်းကောက်တေးအဖွဲ့)
  - (၃) သုံးပန်လှ ပန်းကလေးတွေ (သုံးပန်လှအဖွဲ့)
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု–မေလေး)
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ခရီးမဝေး အနီးလေးမှာ)
- ၁၉း၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ(ဆေးဖက်ဝင် ဟင်းနုနယ်ပင်)
- ၁၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
  - (၁) ပန်းတံတား (ဗညားဟန်၊ ရွှေရည်သိန်းတန်)
  - (၂) ချစ်လားချစ်အဏ္ဏဝါ (နှောင်၊ ဟေမာနေဝင်း)
  - (၃) ချစ်သမျှကိုတဲ့ (ဂရေဟမ်၊ ဖြူသီ)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ကိုယ်သာချစ်စိတ်တိတ်တိတ် ဖြေမယ် (ခင်မောင်လွင်)
  - (၂) ယုံတမ်းစကား (မြို့တော်ဝင်းဝင်းမြတ်)
  - (၃) မာန် (မောင်ကိုကို)

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ ပန်းတနော်၌ကျင်းပ

ပန်းတနော် ဇန်နဝါရီ ၉

ပန်းတနော်မြို့ မြို့မအလယ်ပိုင်း ရပ်ကွက် ဒေါ်သဲမှုန်တန်ဆောင်း၌ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မေရီက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ပန်းတနော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးစိန်ရွှေနှင့် ဆရာမကြီး ဒေါ်စန်းစန်းဦး တို့က ဝမ်းပျက်၊ ဝမ်းလျှော ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန်၊ ရှောင်ရန်တို့ကို ပညာပေးဟောပြောကြသည်။

အခမ်းအနားသို့ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ မြို့မအလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်းရပ်ကွက်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(၃၂၇)**

ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

မလှိုင် ဒီဇင်ဘာ ၂၇

မလှိုင်မြို့နယ်တွင် ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၅ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဦးက သင်တန်းတွင် စံပြဆုရ ကသ–၈၃ ဦးသိန်းနိုင်အား ဆုချီးမြှင့်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက စာပေထူးချွန်ဆုရ ကသ–၆၂ ဦးကောင်းငြိမ်းဇော်အား ဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ခေါင်းဆောင်အား ပေးအပ်သည်။ **(၄၁၉)**

သာယာဝတီခရိုင် လက်ပံတန်းမြို့ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ အဝေးပြေးစက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၉၄၇)တွင် မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့ သရုပ်ပြပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ဒုတိယတိုင်း ရောင်းဝယ်ရေးအရာရှိနှင့် တာဝန်ရှိသူများ၊ ခရိုင်တွင်းရှိ စက်သုံးဆီအရောင်းဆိုင်(၈)ဆိုင်မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများ သရုပ်ပြသမှုကို ကြည့်ရှုကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဝပန်းတိုင် စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၇)တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်၊ ရပ်ကွက်ဥက္ကဋ္ဌဦးဌေးဝင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၆၅)

ဗန်းမောက်၌ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဖလား ဖိတ်ခေါ်ဘောလုံးပြိုင်

ဗန်းမောက် ဇန်နဝါရီ ၈

ဗန်းမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး အသင်းဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ဗန်းမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ပြိုင်ပွဲဝင် ၁၃ သင်းတို့မှ အားကစားသမား ၂၃၄ ဦးတို့ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယကဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့မ(က)အသင်းနှင့် ပျံလွှားအသင်းတို့၏ ပြိုင်ပွဲကို ဘောလုံးကန်၍ ဖွင့်လှစ်ပေးရာ မြို့မ(က)အသင်းက ပျံလွှားအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မ (၂)ရပ်ကွက် ရွှေကျွန်း (၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က အဆိုပါ မုခ်ဦးတွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အမှုဆောင်အရာရှိဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထပ်ပိုးကတ္တရာခင်း

ထားဝယ်မြို့ ဈေးအရှေ့လမ်း ထပ်ပိုးကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးခင်မောင်တင့်တို့ ကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အောင်ချမ်းသာ

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်း ဖွင့်နိုင်သည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီး အာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး ကူညီမည်။ အလုပ်အကိုင် ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ် ပေးမည်။ တစ်ယောက်ထိုင်ခုံနှင့် သန့်ရှင်းသော သင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

"အောင်ချမ်းသာ" သင်တန်းကျောင်း အချိန်တိုအတွင်းမှာ "ပေါက်" သွားတယ်ဆိုတာ သေချာရဲ့လား။ ကျေးဇူးပဲ။ စေတနာရှေ့ထား၍ ကူညီနေမှာပါ။

* အပတ်စဉ်(၅၄) ၂၂-၁-၂၀၀၇ စမည်။ **တစ်လအပြတ်အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင်အကူသင်တန်းတစ်ခုတည်းသာ
Mon to Fri (1)AM 07:00 to 12:15 (၁၂) ဦး
(2) PM 12:30 to 5:45 (၁၂) ဦး

* အပတ်စဉ်(၅၅) ၂၅-၁-၂၀၀၇ စမည်။ **နှစ်လအပြတ်အထူးသင်တန်း**
ဆေးဝါးကျွမ်းကျင်အကူသင်တန်း/သူနာပြုအကူသင်တန်း
Tue to Fri (1) AM 07:30 to 11:00 (၁၂) ဦး
(2) PM 12:30 to 04:00 (၁၂) ဦး

* အပတ်စဉ်(၅၆) ၂၇-၁-၂၀၀၇ စမည်။ **နှစ်လအပြတ်အထူးသင်တန်း။**
(စနေ၊တနင်္ဂနွေ နှစ်ရက်တည်းသာ)
ဆေးဝါးကျွမ်းကျင်အကူသင်တန်း/သူနာပြုအကူသင်တန်း
Sat to Sun (1) AM 07:30 to 12:00 (၁၂) ဦး
(2) PM 12:30 to 05:00 (၁၂) ဦး

* အပတ်စဉ်(၅၇) ၂၉-၁-၂၀၀၇ စမည်။ **တစ်လအပြတ်အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင်အကူသင်တန်းတစ်ခုတည်းသာ
Mon to Fri (1) AM 07:00 to 12: 15 (၁၂) ဦး
(2) PM 12:30 to 5:45 (၁၂) ဦး

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့်အလွှိုင်းဗီး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဂမုန်းပွင့်ကုန်တိုက်အနီး။ ဖုန်း-၅၃၄၈၈၃၊ ၅၃၄၇၃၃ (am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်၊ လစာကောင်းကောင်းပေးမည်)

၁။ Manager **ကျား(၅)ဦး**
- (၄၅)နှစ်အောက် (လုပ်ငန်းအတွေ့အကြုံ ၅နှစ်)

၂။ Assistant Manager **ကျား(၅)ဦး**
- (၄၀)နှစ်အောက် (လုပ်ငန်းအတွေ့အကြုံ ၃နှစ်)

၃။ Chief Accountant **မ (၁)ဦး**
- (၅၀)နှစ်အောက်(M.com၊ C.P.Aဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ ၅နှစ်)
- Computerized Accounting ကျွမ်းကျင်ရမည်။

၄။ Assistant Chief Accountant **မ (၁)ဦး**
- (၄၀)နှစ်အောက် (B.com၊ C.P.Aဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ ၅နှစ်)
- Computerized Accounting ကျွမ်းကျင်ရမည်။

၅။ Supervisor **ကျား(၅)ဦး**
- (၄၀)နှစ်အောက် (လုပ်ငန်းအတွေ့အကြုံ ၃နှစ်)

၆။ ရုရှားစကားပြန် **ကျား/မ(၁)ဦး**
- (၄၀)နှစ်အောက်

- ကုမ္ပဏီစာရွက်စာတမ်းများ၊ ဘဏ်စာရွက်စာတမ်းများ၊ စက်ပစ္စည်းကိရိယာများ၊ သွင်းကုန်၊ ထုတ်ကုန်စာရွက်စာတမ်းများ၊ ဘူမိဗေဒဆိုင်ရာ အသုံးအနှုန်းများအား တိကျစွာ ဘာသာပြန်ဆိုနိုင်ရမည်။
- အမှတ်စဉ် ၁၊ ၂၊ ၅၊ ၆ များအတွက် ဘွဲ့တစ်ခုခုရရှိရမည်။ နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
- Computer, Internet, Emailနှင့် Office machine များ ကျွမ်းကျင်စွာ သုံးနိုင်ရမည်။ အမှတ်စဉ်အားလုံးသည် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
- အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

အလုပ်လျှောက်ထားလိုသူများသည် အမှတ် ၆၃၅(J)၊ ရိုးမရိပ်သာလမ်းသွယ်၊ ပြည်လမ်း ကမာရွတ်မြို့နယ်သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်း

ဦးမင်းနိုင်၏ သား တောင်ငူမြို့ အထက(၂)နဝမတန်း(က)မှမောင်နေဗလအား မောင်ထက်မျိုးအောင်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

မောင်ထက်မျိုးအောင်။







ငွေးချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
တောင်ငူခရိုင် ဒုတိယခရိုင်တရားသူကြီး(၂) နယ်တရားမရုံး၌ ၂၀၀၆ ခုနှစ် တရားမကြီးအမှု အမှတ်-၆၈ (တောင်ငူ)

ဒေါ်မာမာဦး **နှင့်** ၁။ ဦးစိန်ဝင်း
၂။ ဒေါ်တင်တင်ဌေး

တရားလို တရားခံ

တောင်ငူမြို့ အမှတ်၅၅၄၊ ဆရာဖြေလမ်းကြား၊(၁၁)ရပ်ကွက်တောင်ငူမြို့နေ (ယခု နေရပ်လိပ်စာမသိသူ) ဦးစိန်ဝင်း (ဘ)ဦးမှင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မာမာဦးက ငွေကျပ်၁၀သိန်းရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၂ ရက် (၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စန္ဒာအောင် (တ/၁၉၅၄)
ဒုတိယခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံး၊ ပဲခူးတိုင်း။

ငွေးချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် တရားမရုံး၌ ၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၂

ရိုးမဘဏ်လီမိတက် **နှင့်** ဦးသူရဇော်ကို
(၎င်း၏လက်ထောက်မန်နေဂျာ ဦးအောင်ဆန်းဝင်း)

တရားလို တရားပြိုင်

အမှတ် ၂၀၇၊ မြိုင်ဟေဝန်အိမ်ရာ၊ ရှစ်မိုင် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုရိုးမဘဏ်လီမိတက်က ၁၀၉၃၃၆၀ ကျပ် ၁၇ ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် (၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ငွေးချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် တရားမရုံး၌ ၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၉

ရိုးမဘဏ်လီမိတက် **နှင့်** ဦးထင်ကျော်ညွန့်
(၎င်း၏လ/ထမန်နေဂျာဒေါ်မွေးမွေးခင်)

တရားလို တရားပြိုင်

အမှတ် ၄၉၀၊ စပယ်ခြံ(၂)လမ်း၊ ၅ ရပ်ကွက် ရန်ကုန်မြို့ လှိုင်မြို့နယ်နေ (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုရိုးမဘဏ်လီမိတက်က ငွေကျပ် ၆၁၁၅၃၁ ကျပ်၇၆ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ၂၅ရက် (၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၃၀/၂၀၀၆

ခရိုင်မန်နေဂျာ **နှင့်** ၁။ ဦးကျော်
မြန်မာ့စီးပွားရေးဘဏ်၊ မိတ္ထီလာမြို့။ ၂။ (သား)ဦးသံချောင်း

တရားနိုင် တရားရှုံး

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၅၀ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပို့တွဲလကွယ်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(ဃ/ပြည်သာယာတောင်)၊ ဦးပိုင်အမှတ်(၁၈၈)၊ မြေကွက်အမှတ်(၁၈၈) မြေချိန်ဇရိယာ ဝဒသမ ဝ၃၄ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၄x၂၄)ပေရှိ လူနေတစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်(၃၃)သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို (တ/၁၆၁၄)
ဒုတိယခရိုင်တရားသူကြီး
ခရိုင်တရားရုံး
မိတ္ထီလာမြို့။

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကျောက်ဘူတာတွင် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (ရထား)

ကျော-ဥမင်-ရေမျက်နီ ရထားလမ်း၌ ဖွင့်ပွဲကျင်းပမည့်လမ်းပိုင်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားဖြင့် စမ်းသပ်ခုတ်မောင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကျောဘူတာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးသည် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ လိုက်ပါ၍ ကျောဘူတာမှ ခရီးသည်စီးရထားဖြင့် ထွက်ခွာကာ ကျော-ဥမင်-ရေမျက်နီလမ်းပိုင်း တည်ဆောက်ပြီးစီးနေမှုကို ရထားဖြင့် စမ်းသပ်ခုတ်မောင်းစစ်ဆေးကြသည်။

စစ်ဆေး

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ပုံညာတောင်ဥမင်အား အရှေ့ဘက်ဝင်လမ်းမှ ရထားဖြင့် ဝင်ရောက်ပြီး ဥမင်နံရံဘေးအချောကိုင်ခြင်း၊ ရေနုတ်မြောင်းပြုလုပ်ခြင်း၊ မီးများတပ်ဆင်ခြင်း၊ လုံခြုံရေးအစီအစဉ်များ ဆောင်ရွက်နေခြင်းတို့ကို စစ်ဆေးသည်။

ယင်းနောက် ပုံညာတောင်ဥမင် အဝ၌ ဖွင့်ပွဲမုခ်ဦးများဆောက်လုပ်ခြင်းနှင့် ဥမင်အဝင် ချဉ်းကပ်လမ်းများ အချောသတ်ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ■

လုံခြုံရေးကောင်စီနှင့် ပြည်ပနိုင်ငံကြီးများမှ မြန်မာနိုင်ငံအရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာရန် တောင်းဆိုနေသည့် ပြည်တွင်းပြည်ပ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအခြေခံဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏအကျိုးစီးပွား ရှေ့တန်းတင်အားထုတ်မှုထပ်မံမပြုလုပ်ဘဲ တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ရှေးရှုကြရန်

၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) က ပြင်းထန်စွာသတိပေး

နေပြည်တော် ဇန်နဝါရီ ၁၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)က ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** တွင် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထား ထုတ်ပြန်ကြေညာချက်တွင် မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက် အဆိုမူကြမ်းကို ၁၂-၁-၂၀၀၇ ရက်နေ့က လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချလိုက်သည်ကို ကြားသိရကြောင်း။

မြန်မာနိုင်ငံအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက်အရေးယူဆောင်ရွက်ရန် ထောက်ခံမဲပေးခဲ့ကြသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာနိုင်ငံအရေး လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန်တင်ပြခဲ့မှု တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့

မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်မှုမရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထောက်ခံပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံအရေး အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆုံးဖြတ်ချက်တင်ပြခဲ့မှုကို ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို ဗြိတိန်အပါအဝင် အဖွဲ့ဝင်ကိုးနိုင်ငံက ထောက်ခံခဲ့ကြောင်း၊ တောင်အာဖရိကအပါအဝင် အဖွဲ့ဝင် သုံးနိုင်ငံက ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့ကြကြောင်း၊ အင်ဒိုနီးရှား၊ ကာတာနှင့် ကွန်ဂိုနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြကြောင်း ပီတီအိုင် သတင်းဌာနက ဖော်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

စာပေဆုနှင်းသဘင် တက်ရောက်ရေး သတင်းပို့ရန် ဆုရသူများအား နှိုးဆော်

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုတို့အတွက် ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်(အင်္ဂါနေ့) **မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။**

နောက်ဆုံးထား

ဇန်နဝါရီ ၂၉ ရက်(တနင်္လာနေ့) **မွန်းလွဲ ၁ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပမည့် အစမ်းလေ့ကျင့်ပွဲသို့ စာပေဆုရသူတိုင်း မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ရာ စာပေဆုရရှိသူများသည် ဇန်နဝါရီ ၂၈ ရက်ည နောက်ဆုံးထား၍ အရောက်လာကြရန်ဖြစ်သည်။**

စာမျက်နှာ ၃ ကော်လံ ၆ ✱